ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်

# ချင်းအမျိုးသားရေးစာစောင်

- အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
- ကိုယ့် ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊
- ဒီမိုကရေစီစနစ် ထူထောင်ရန်။

အတွဲ၊ ၁ အမှတ် ၄ ဩဂုတ်လ၊ ၂၀၁၂–ခုနှစ်




## ပါတီအာဘော်

### တန်းတူညီမျှမှုကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် ထာဝရ တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အဓိက နှင့် အခြေခံ အကျဆုံးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်း ပုံအခြေခံဥပဒေ ဟူ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၃)မျိုး ရေးဆွဲပြဌာန်းခဲ့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်တပ်မှ ၎င်းတို့အလိုကျ ရေးဆွဲထားသော စစ်တပ်အား တရားဝင်အာဏာပေးထားသည့် အခြေခံဥပဒေများဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လည်း ပင်လုံစာချုပ်နှင့် ပင်လုံဂတိကဝတ်များကို အခြေခံထားခြင်း မဟုတ်ဘဲ ဗမာလူမျိုးစုတစုကို အာဏာပေးထားသည့်တပြည်ထောင် စနစ်ဖြင့် ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော လူမျိုးပေါင်း စုံရောနှောပါဝင်နေသည့် ပြည်ထောင်စုကြီးတွင် တပြည်ထောင်စနစ် ကျင့်သုံးခဲ့ခြင်း ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် မညီမျှမှုများ ဖြစ်ပွားကာ နက်ရှိုင်းသောလူမျိုးရေးပြဿနာများဖြစ်ပေါ်ခဲ့ရပြီး ပြည် တွင်းစစ်ကြီး ယနေ့ထိတိုင်ဖြစ်ပွားခဲ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံပြဿနာသည် တိုင်းရင်းသား လူမျိုးများအကြားတန်းတူညီမျှမှုဆိတ်သုဉ်းမှု၊ တနည်းအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာပြဿနာဖြစ်ပေသည်။ ယင်းပြဿနာအရင်းခံအား မြန်မာအစိုးရ နှင့်စစ်အစိုးရအဆက်ဆက်တို့က ကောင်းမွန်စွာ သဘော ပေါက်သိရှိထားကြသော်လည်း“လွှမ်းမိုးသောအမျိုးသားရေးဝါဒ” ကိုအခြေခံလျက် အခြားတိုင်းရင်းသားများအပေါ် ဖိနှိပ်အုပ်ချုပ်မင်း လုပ်ခဲ့ကြခြင်းကြောင့် ယနေ့ထိတိုင် ၎င်းပြဿနာအားဖြေရှင်း နိုင်ခဲ့ခြင်း မရှိပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ တွင် အနိုင်ရရှိ၍ အစိုးရ လုပ်လာခဲ့သော သမ္မတဦးသိန်းစိန် အစိုးရ အနေဖြင့် အနှစ်(၆၀) ကျော်ကြာပြည်တွင်းစစ် ဖြစ် ပွားရခြင်း၏ အဓိက အကြောင်း ရင်းခံအားအမှန်တကယ်ဖြေရှင်းရန်ဆန္ဒရှိမည်ဆိုပါက လွယ် ကူစွာဖြေရှင်းနိုင်မည် ဖြစ်သည်။အကယ်၍ စိတ်ရင်းစေတနာ မှန်မရှိပါက စစ်တပ်ကို အကြောင်းပြ၍တမျိုး၊ လွှတ်တော်ကိုအကြောင်းပြကာတဖုံ လုပ်လာမည်ဆိုလျှင် မြန်မာနိုင်ငံ၏ပြည်တွင်းစစ်မီးသည် ဆက်လက် လောင်ကျွမ်း နေဦးမည်သာဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း ငြိမ်းချမ်း ရေးတည်ဆောက်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည် ဆောက်နိုင် ရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးများ အကြား နက်ရှိုင်းစွာအမြစ် တွယ်နေသောပြဿနာအား ဖြေရှင်းရန် စတင်ခြေလှမ်း လှမ်းရန်လိုအပ်လာပြီဖြစ်သည်။

၂၀၁၁ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့နစ၍ မြန်မာနိုင်ငံအစိုးရအဖွဲ့မှ ကြေညာချက် ၁/၂၀၁၁ ကိုထုတ်ပြန်၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား“ငြိမ်းချမ်းရေးဆွေးနွေးရန်”ကမ်းလှမ်းခဲ့သည်။ ယင်းကမ်းလှမ်း ချက်တွင်ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့်တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းကိစ္စ ဆောင်ရွက်ပြီးပါက မြန်မာ အစိုးရ၏ဆွေးနွေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးပွဲလုပ် ငန်းစဉ်များ ဆောင်ရွက်သွားရေးတို့ပါရှိသည်။

ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် (၁၂)ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပြီးသည့်အပြင် နိုင်ငံရေးပါတီနှင့် လူမှုအခြေပြု အဖွဲ့ အစည်းများနှင့်ပါ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။ တိုင်းရင်း သားလက်နက် ကိုင်အဖွဲ့အစည်းများအနက် ကချင်ပြည်လွတ်မြောက် ရေးအဖွဲ့(Kachin Independence Organization-KIO) တဖွဲ့နှင့်သာ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ KIO အနေဖြင့် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ် ရေးထိုးပြီးဖြစ်၍ ဗမာ့တပ်မတော် အနေဖြင့် စစ်ဆင်ရေးများရပ်ဆိုင်း၍ ရှေ့တန်းစခန်းမှ တပ်များဆုတ်ခွာ ပေးပါက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးစရာ မလိုဘဲ ယခင်အပစ်အခတ်ရပ်စဲရေးအခြေအနေ အတိုင်းပြန်လည် ရောက်ရှိသွားလိမ့်မည်ဟုဆိုသည်။ ယင်းကဲ့သို့ ဗမာ့တပ်မတော်မှ လုပ် ဆောင်နိုင်ပါက တပြည် လုံးအပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးသည့် အနေအထားသို့ရောက်ရှိသည်ဟုမှတ်ယူနိုင်ပေသည်။ ထိုသို့ဆိုလျှင် မြန်မာအစိုးရ၏ငြိမ်းချမ်းရေးဆွေးနွေးရေး ပဏာမအဆင့်သည် ၂၀၁၂ ခုနှစ် အတွင်း ပြီးစီးသွားနိုင်သည့် အခြေ အနေတွင်ရှိနေပေသည်။ ထိုသို့ အဆုံးသတ်နိုင်ရန် ဗမာ့တပ်မတော်၏ လက်ဝယ်တွင်တည်ရှိနေသည်။ အကယ် ၍အမှန်တကယ် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်လို စိတ်မရှိပါက KIO အားစစ် ဆင်တိုက်ခိုက်နေမှုများကို ရပ်တန့်မည်




သတင်းနှင့်ပြန်ကြားရေးဌာန၊ ချင်းအမျိုးသားတပ်ဦးမှ လစဉ်ထုတ်ဝေသည်။

မဟုတ်သည့်အပြင် ကျန်အပစ်ရပ်အဖွဲ့တချို့ကိုပါ ရန်စတိုက်ခိုက်လာဖွယ်ရှိနေပေသည်။

၂၀၁၅–ခုနှစ် ရွေးကောက်ပွဲမတိုင်မီတွင် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုအား အဆုံးသတ်ရန် နိုင်ငံတော် သမ္မတဦးသိန်းစိန် ကဆန္ဒရှိကြောင်းပြောဆိုလာခဲ့သည်။ ယင်းသို့ဆိုလျှင် မြန်မာနိုင်ငံ၏ အဓိကအကြောင်းရင်းခံ ပြဿနာဖြစ်သည့် နိုင်ငံရေးပြဿနာဖြေရှင်းရေးအတွက် (၂)နှစ်သာ အချိန်ရှိနေပေသည်။ ၂၀၁၂ခုနှစ်၊မေလ (၃) ရက်နေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သည့် အမိန့်အမှတ် ၁၁/၂၀၁၂၊ ၁၂/၂၀၁၂ အရ ပါတီထောင်၍ရွေး ကောက်ပွဲဝင်ရန်နှင့် လွှတ်တော်အတွင်းမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင်ရန်အတွက် ဆိုလျှင်(၂)နှစ်တာကာလသည် လိုအပ်သည် ထက် များသည်ဟုပြောဆိုနိုင်ပေသည်။ သို့သော် ပင်လုံစာချုပ်နှင့် ၎င်း၏ဂတိကဝတ်များ၊ တောင်ကြီးညီလာခံနှင့် ဖဆပလ အစိုးရ လက် ထက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းမှုများ၊ တိုင်းရင်း သား လူမျိုးများ၏အနှစ် (၆၀)ပြည်တွင်းစစ်ကာလပြည်တွင်းငြိမ်းချမ်းရေးအတွက် အကြိမ် ကြိမ်ဆွေးနွေးမှုများ၊၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရေး ဆွဲနိုင်ရေးအတွက်အခြေခံမူ (၁၀၄)ချက်နှင့် ဦးတည်ချက် (၆)ကို မြန်မာ ပြည်သူတရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံးက လက်မခံပယ်ချ ခဲ့မှုများ၊ အမျိုးသားညီလာခံတွင် ခေါင်းခေါက်ရွေးချယ် ကိုယ်စားလှယ် များသာပါဝင်စေမှုများနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၏ တင်ပြချက်များအားမှတ်တမ်းတင်ပေးသည်ကလွဲ၍ လိုရာသွင်းပေးခြင်း မရှိသည်များ၊မြန်မာပြည်အတွက် အသင့်လျော်ဆုံး ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအား တိုင်းရင်းသား လူမျိုးများနှင့် ဒီမိုကရေစီဖက်တော်သားများမှ ရေးဆွဲထားသည်များကို ထောက်ရှုပါက နိုင်ငံရေးဆွေးနွေးပွဲသည် ရှည်ကြာ နိုင်ပြီး ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အခက်အခဲများ ကြုံတွေ့နိုင် ပေသည်။ အထူးသဖြင့် စစ်တပ်မှ "စစ်တပ်မရှိလျှင်၊တိုင်းပြည်ပြိုကွဲမည်" ၊ "နိုင်ငံတော်အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကိုအစဉ်တစိုက်ဦးတည်သည်" ဟူသည့် အခြေခံမူအတိုင်းဆက်လက် သွားနေပါက ပြည်တွင်းငြိမ်းချမ်း ရေးသည်အလှမ်းဝေးနေဦးမည်သာဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုကိုထူထောင်သူများမှာ ချင်း၊ကချင်၊ရှမ်းခေါင်းဆောင်များနှင့်ဗမာလူမျိုးစု ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပြီး ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်သဘောတူညီချက်အရ ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည် ကိုအသိအမှတ်ပြုလျက် ပြည်ထောင်များစုပေါင်းထားသောပြည်ထောင်စုဖြစ်သည်ကို အလေးဂရုပြုရမည်ဖြစ်သည်။ ထိုသို့သောတိုင်းပြည်တွင် တပြည်ထောင်စနစ်ပုံစံ၊ လူမျိုးတမျိုးတည်းမှ လွှမ်းမိုးသောအုပ်ချုပ်ရေးစနစ် ဖြင့်တည်ဆောက်၍မရပေ။ နှစ်ပေါင်း (၆၀) ကျော်ပြည်တွင်းစစ်ဖြစ်ပွားခြင်းသည် အင်္ဂလိပ်နယ်ချဲ့အားအမျိုး သားလွတ်မြောက်ရေးတိုက်ပွဲများဖြင့်အသက်ပေါင်းများစွာ စတေး၍ ဆင်နွှဲခဲ့ကြခြင်းကြောင့် အချုပ်အခြာလွတ် လပ်သောနိုင်ငံတော်အဖြစ်ပြန် လည်ရပ်တည်နိုင်ခဲ့သည်ဟူသည့်သီပေါမင်းအုပ်ချုပ်ခဲ့သည့် နယ်မြေအား ပြန်လည် လွှတ်မြောက်စေသည့် အသွင်မျိုး၊ အနှစ်သာရမျိုးကို ဗမာလူမျိုးအများစုက ခံယူထားခြင်းကြောင့် ဖြစ်သည်။ ပြည်ထောင်စုမြန်မာ နိုင်ငံအားတိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် တည်ဆောက်ထားခြင်းအားလက်ခံလျက် တန်းတူညီမျှမှုကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည်သာလျှင် ထာဝရ တည် တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အဓိကနှင့် အခြေခံအကျဆုံးဖြစ်ပေသည်။

---

## ကနေဒါ ဒေသပါတီကော်မတီ ၏ ၂၀၁၂–ခုနှစ် ပထမခြောက်လပါတ်လုပ်ငန်းအစီရင်ခံစာ

၁) ချင်းအမျိုးသားတပ်ဦး ဒေသကော်မတီ(ကနေဒါ)၏ ညီလာခံကို ကို ၂၀၁၂–ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် (Manitoba) ခရိုင်ရှိ (Winnipeg)မြို့၌ ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံတွင် ဒေသအသီးသီးရှိကော်မတီ လူကြီးများ၊ လေ့လာသူများ ပါဝင်သည်။ ညီလာခံတွင် (၄) နှစ်အတွင်း ချင်းအမျိုးသားတပ်ဦး၏ ဒေသကော်မတီများကို ဦးဆောင်သူများကို ရွေးချယ်ခဲ့ကြသည်။

၂) ကနေဒါဒေသပါတီကော်မတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို အင်တာနက်အစည်းအဝေးအဖြစ် (Online Meeting) ကို တကြိမ်ပြုလုပ်နိုင်ခဲ့သည်။

၃) ချင်းအမျိုးသားပါတီဥက္ကဋ္ဌနချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဆုံးဖြတ်ချက်နှင့်အညီ ဥက္ကဋ္ဌကြီး ဒေါက်တာဇလေ့ထန်းသည် (Ottawa, Calgary, Vancouver, Calgary)ရှိ ချင်းလူမျိုးများနှင့်တွေ့ဆုံခဲ့သည်။

၄) ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ပထမအကြိမ်တွေ့ဆုံပွဲနှင့် ပါတ်သက်၍ ကနေဒါနိုင်ငံရှိ ချင်းလူမျိုးများနှင့်တွေ့ဆုံပွဲကို ဥက္ကဋ္ဌကြီးနှင့်တကွ အဓိပတိကောင်စီဝင် ပူးထန်းနိန်းကီးတို့မှ ပြည်သူများထံ ရှင်းလင်း ခဲ့ကြသည်။

၅) ၂၀၁၂–ခုနှစ် ချင်းလဲန်းကလပ်(ကနေဒါ)၏ ရံပုံငွေထည့်ဝင်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပြီးပြည့်စုံမည်ဖြစ်သည်။

၆) ဥက္ကဋ္ဌကြီး၏ ဦးဆောင်မှုဖြင့် ကနေဒါနိုင်ငံ၊ (Calgary)တွင် ချင်းအမျိုးသားတပ်ဦး၊ဒေသပါတီကော်မတီအသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ အဆိုပါ ဒေသကော်မတီတွင် – Pu Lal Lian Thara- Hualngo/Mizo, Pu Tial Kung- Zophei, Salai David Hanai-Cho, Pu Aung Cin Thang-Thantlang, Mai Zung Cer Par-Hakha တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ပဥ္စမအကြိမ်ပါတီညီလာခံသက်တမ်း၊ ပဥ္စမအကြိမ်ဗဟိုအလုပ် အမှုဆောင်ကော်မတီ အစည်းအဝေးကို ချင်းအမျိုးသားတပ်ဦး ပါတီဌါနချုပ်တွင် ၂၄– ၀၈–၂၀၁၂ မှ ၃၁–၀၈–၂၀၁၂ အထိ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌအပါအဝင် အမိပတိကောင်စီဝင်များ၊ ဗဟိုအလုပ်ဆောင်ကော်မတီများ၊ ပြည်တွင်းဆက်ဆံရေးရုံးများမှ တာဝန်ခံများနှင့် ဌါနဆိုင်ရာတာဝန်ခံများ တက်ရောက်ကြ



သည်။ အဆိုပါအစည်းအဝေးတွင် ဌါနဆိုင်ရာ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများတင်ပြ ဆွေးနွေးခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦးနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲအတွက် အကြိုဆွေးနွေးညှိနှိုင်းရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ငြိမ်းချမ်းရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း၊ တွေ့ဆုံဆွေး နွေးရေးတွင်ပါဝင်မည့် ပုဂ္ဂိုလ်များကိုရွေးချယ်ခြင်းနှင့် ဌါနတာဝန်ခံ အချို့ ပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဌါနအသီးသီးရှိ လစ်လပ်နေသော နေရာတွင် ဝန်ထမ်းအသစ်များကို အသစ်ခန့်အပ်ရန်အတွက် ဆုံးဖြတ်ချက်များ ချမှတ်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဧပြီလမှ ဩဂုတ်လ အတွင်း ပါတီဝင်လျှောက်လွှာများကို ပါတီဝင်အတည်ပြုပေးသည်။ ယင်း အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များစွာကိုလည်း ချမှတ်လျက်ရှိသည်။

## The Protection of Women and Children အလုပ်ရုံဆွေးနွေးပွဲ

The Protection of Women and Children အလုပ်ရုံဆွေး နွေးပွဲကို ထိုင်း–မြန်မာနယ်စပ်တွင်  ဩဂုတ်လ ၁၄ မှ ၁၈ အထိ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ချင်းအမျိုးသားတပ်ဦး/တပ်မတော်မှ ခေါင်းဆောင် (၈)ဦး တက်ရောက်ခဲ့သည်။။ ချင်းအမျိုးသမီးအဖွဲ့၊ ချင်းလူ့အခွင့်အရေး




အဖွဲ့မှ ကိုယ်စားလှယ်များလည်းတက်ရောက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ရေး၊ တားမြစ်ရေးနှင့် လိင်ကွဲပြားမှုအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံခြင်းကို အဆုံးသတ်စေရေး၊ ကလေးသူငယ်များကာကွယ်ရေးဆိုင်ရာများကို အဓိကထား ဆွေးနွေးသည်ဟုသိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို (Geneva Call)နှင့် (AIPP)တို့မှ ကမကထပြုလုပ်ခြင်းဖြစ်ပြီး (Aurelie Lamaziere, Christopher Rush, Remo Meyer)တို့မှ အဓိက ဆွေးနွေးဟောပြောကြသည်။ ချင်းအမျိုးသားတပ်ဦးသည် (Geneva Call)နှင့် မြေမြှုပ်မိုင်းအသုံးမပြုရေးဆိုင်ရာ (Deep of Commitment) ကို ၂၀၀၆–ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

## နယူးဒေလီရှိချင်းပြည်သူများနှင့် တွေ့ဆုံပွဲ

ချင်းအမျိုးသားတပ်ဦး၏ ပြည်ပစည်းရုံးရေးတာဝန်ခံဖြစ်သော ပူးတလှာဟေးသည် နယူးဒေလီရှိချင်းလူမျိုးများနှင့် တွေ့ဆုံပွဲကို ၀၂–၀၉–၂၀၁၂ တနင်္ဂနွေနေ့တွင် ဂျာနခ်ပူရီ တွင်ပြုလုပ်ခဲ့သည်။ ထိုတွေ့ ဆုံပွဲတွင် နယူးဒေလီဒေသပါတီကော်မတီမှ တာဝန်ရှိသူများ၊ အသင်း တော်အသီးသီးမှ အသင်းလူကြီးများနှင့် ချင်းပြည်သူများ ပါဝင်လျက် ရှိသည်။ တွေ့ဆုံပွဲတွင် ပူးတလှာဟေးမှ ချင်းအမျိုးသားတပ်ဦးနှင့် အစိုးရ အကြား ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂါတ် ချင်းလူမျိုးများ၏ နိုင်ငံရေးအခန်းကဏ္ဍတို့ကို အကျယ်တဝင့် ဆွေးနွေး ခဲ့သည်။ အထူးသဖြင့် ချင်းအမျိုးသားရေးနိုးကြားမှုရှိရန်နှင့် မည်သည့် နိုင်ငံ၊ မည်သည့်နေရာတွင်ပင်ရှိနေစေကာမူ ချင်းအမျိုးသားရေး အတွက် တက်ကြွစွာပါဝင်ကြစေလိုကြောင်း တိုက်တွန်းထားသည်ဟု သိရသည်။ ထိုတွေ့ဆုံပွဲတွင် ပြည်သူများနှင့်အပြန်အလှန်တက် တက်ကြွ ကြွဆွေး နွေးမှုများ ပြုလုပ်လျက်ရှိသည်။  ပဥ္စမအကြိမ်ပါတီဗဟိုအလုပ် အမှု ဆောင်အစည်းအဝေး ဆုံးဖြတ်ချက်အရ ပူးတလှာဟေးသည် ၂၀၁၂–ခုနှစ်၊ စက်တင်ဘာလအတွင်း မလေးရှား၊ တောင်ကိုးရီးယား၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသို့ စည်းရုံးရေးခရီးသွားမည် ဖြစ်ကြောင်း သိရသည်။


သတင်းနှင့်ပြန်ကြားရေးဌါန၊ ချင်းအမျိုးသားတပ်ဦးမှ လစဉ်ထုတ်ဝေသည်။

# ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မီအစည်းအဝေးထုတ်ပြန်ချက်

(၁) ချင်းအမျိုးသားတပ်ဦး၏ ပဥ္စမအကြိမ်ပါတီညီလာခံသက်တမ်း၊ ပဥ္စမအကြိမ်ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို ၂၀၁၂–ခုနှစ် ဩဂုတ်လ (၂၄–၃၁)နေ့တွင် အိန္ဒိယ–မြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာ ပြုလုပ်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအပါအဝင် ပြည်တွင်းဆက်ဆံရေးတာဝန်ခံများ၊ ဌါနဆိုင်ရာတာဝန်ခံများနှင့် အဓိပတိကောင်စီဝင်များလည်း တက်ရောက်ခဲ့ကြသည်။

(၂) အဆိုပါအစည်းအဝေးတွင် ၂၀၁၂–ခုနှစ်၊ တတိယ (၄)လပါတ်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ဌါနဆိုင်ရာတာဝန်ခံများ အစားထိုးခန့်အပ်ခြင်း၊ စက်တင်ဘာလတွင်ကျင်းပမည့် တိုင်းရင်းသားလူမျိုးများညီလာခံအတွက် ပြင်ဆင်မှုများပြုလုပ်ခြင်း၊ ဆက်ဆံရေးရုံးဆိုင်ရာကိစ္စများ၊ ချင်းအပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာကိစ္စတို့အပြင် ပါတီနှင့် တပ်ပိုင်းဆိုင်ရာအရေးကြီးသောကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(၃) **Dr. Andrew Ngun Cung Lian** သည် ပါတီတာဝန်ထမ်းဆောင်နေစဉ် ပါတီဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေများကိုချိုးဖောက်ပါသဖြင့် ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ၎င်း၏လက်ရှိတာဝန်ထမ်းဆောင်နေသော ဗဟိုတရားသူကြီးဥက္ကဌအပါအဝင် ပါတီတာဝန်အသီးသီးမှ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

(၄) ဦးသိန်းစိန်အစိုးရအနေဖြင့် အစိုးရအဖွဲ့မှထိပ်တန်းပုဂ္ဂိုလ်များ၊ တပ်မတော်ဖက်မှ ထိပ်တန်းပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်း၊ အစိုးရဝန်ကြီးများ အပြောင်းအလဲပြုလုပ်ခြင်း၊ အချို့ ပုဂ္ဂိုလ်များအား နာမည်ပျက်စာရင်းမှပယ်ဖျက်ခြင်းများသည် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အထောက်အကူပြုမည်ဟု ယူဆသဖြင့် ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ကြိုဆိုသည်။

(၅) ဤပစ်အခတ်ရပ်စဲရေးအဆင့်မှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်သို့ တက်လှမ်းမည်ဖြစ်ပါသဖြင့် ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ‘ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးကော်မတီ’ အသစ်တရပ်ဖွဲ့စည်းလိုက်သည်။ ယင်းကော်မတီအား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အဓိပတိကောင်စီဝင်များနှင့် ချင်းအမျိုးသားတပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များပါဝင်သည့် (၂၃)ဦးကော်မတီဖြင့် ဖွဲ့စည်းထားပြီး ယင်းအဖွဲ့အား ချင်းအမျိုးသားတပ်ဦး၏ဥက္ကဌနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့က ဦးဆောင်သွားမည်ဖြစ်သည်။

(၆) ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သွားရောက်မည့်အဖွဲ့အား ရွေးချယ်ခြင်း၊ ဆွေးနွေးမည့်ကိစ္စများချမှတ်ခြင်း၊ နေရာနှင့်အချိန်ကာလ သတ်မှတ်ခြင်းများပြုလုပ်ခဲ့ကြသည့်အပြင် ဆွေးနွေးပွဲစောင့်ကြည့်လေ့လာမည့် ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများနှင့် ဆွေးနွေးပွဲသွားရောက်စဉ် ပြည်သူ့တွေ့ဆုံပွဲ၊ ပြည်တွင်းနိုင်ငံရေးပါတီများနှင့်တွေ့ဆုံပွဲများပြုလုပ်သွားရေးကိုပါ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(၇) ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်ထောင်စုအစိုးရနှင့်နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရာတွင် ပြည်သူလူထု၏အမြင်၊ သဘောထားများနှင့် လိုအင်ဆန္ဒများကို အဓိကထား၍ လက်ကိုင်ပြုဆွေးနွေးသွားမည်ဖြစ်သည်။ လက်ရှိတွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များသည် ချင်းပြည်သူတရပ်လုံး ပါဝင်သောဆွေးနွေးရေးဖြစ်စဉ်များဖြစ်ရမည်ဟု အခိုင်အမာယုံကြည်ထားသည့်အလျောက် ချင်းအမျိုးသားများနှင့် ချင်းပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များတွင် တက်တက်ကြွကြွပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုပေသည်။

(၈) ချင်းအမျိုးသားတပ်ဦးအနေဖြင့် မည်သို့သော နိုင်ငံရေးအလှည့်အပြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြင်ပန်းသဏ္ဍာန်အရ ပြောင်းလဲမှုတစုံတရာရှိနေစေကာမူ ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် ချင်းအမျိုးသားတရပ်လုံးနှင့်အတူ အောင်ပွဲခံသည့်အထိ တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ချင်းအမျိုးသားတပ်ဦး

---

# ချင်းလူမျိုးများအတွက် မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိပ္ပါယ်

ခွါနင်းလေသောင်

ကြိုဆိုအားပေးမှုအပြည့်ရရှိခဲ့တဲ့ မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လုံလောက်တဲ့ အချိန် အတိုင်းအတာတခုကို ဖြတ်သန်းလာခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်တို့ ဆွေးနွေးလာခဲ့ကြတာလဲ တစ်နှစ်နီးပါးကြာခဲ့ပါပြီ။ ဒါပေမယ့်ရလဒ်တွေ တိုင်းရင်းသား ဒေသတွေအတွက် ဆက်လက် ခါးသီးနေဆဲပါ။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ဟာ တိုင်းရင်းသားတွေကို ကျူးကျော်စစ်တစ်မျိုးပဲလားလို့ မေးခွန်းထုတ်ရလောက်အောင် ဖြစ်နေခဲ့ပါတယ်။ တိုက်ခိုက်မှုဟာ ကချင်ပြည်မှာပဲ ဖြစ်နေတာ မဟုတ်တော့ပဲ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားတဲ့ကြားက ရှမ်းပြည်မှာလဲ ပျံ့နှံ့လာ နေတာကို တွေ့ရပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းဖက်မှာလဲ စစ်တပ်အင်အား တပ်ရင်းနှစ်ရင်းအထိ ထပ်မံတိုးချဲ့လာနေပြန်ပါပြီ။ ဒါဟာ ၁၉၈၈ အပြီး ချင်းပြည်ကို တပ်အင်အား ရှစ်ဆမြောက်တိုးချဲ့လာခဲ့တာဖြစ်ပါတယ်။

### စစ်အင်အားတိုးချဲ့မှုက အမြဲတမ်း ပထမဖြစ်နေ

ချင်းပြည်နယ်ဟာ မြန်မာအုပ်ချုပ်သူတို့ စံချိန်အရ ငြိမ်းချမ်းခဲ့တာ လွတ်လပ်ရေးစ ၁၉၄၈ ကနေ ၁၉၈၈ အထိ နှစ်ပေါင်း (၄၀) ဖြစ်ပါတယ်။ အဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်လာဖို့လောက်ပါပဲ ဖြစ်ခဲ့ပါတယ်။ အကြောင်းကတော့ မြန်မာ အစိုးရ အဆက်ဆက်တွေဟာ စစ်ရေးဗျူဟာ

အတွက်သာ လမ်းပန်းဆက်သွယ်ရေး လုပ်လာလေ့ရှိ တဲ့အတွက် လက်နက်ကိုင် ပဋိပက္ခမရှိတဲ့ချင်းပြည်ဟာ နှစ်ပေါင်းများစွာ လစ်လျူရှုခံနေရတာပါ။ တချိန်တည်းမှာ အစိုးရဟာ လက်နက်ကိုင် တပ်ရင်း နှစ်ရင်းလောက်သာ ချင်းပြည်မှာ ထားရှိခဲ့ခြင်းဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦးရဲ့ တော်လှန်ရေးစပြီးတဲ့ နောက်ပိုင်း ၁၉၈၉ ကနေ တပ်အင်အားဟာ တပ်ရင်း ၁၄ ခုအထိ တိုးချဲ့လာခဲ့ရာ ခုဆို ၁၆ ရင်းဖြစ်လာပါပြီ။ ငြိမ်းချမ်းရေးအတွက် ဒီနှစ် အစောပိုင်းကတည်းက လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ပေမယ့် တပ်အင်အား ထပ်မံတိုးချဲ့လာခြင်းဟာ နေပြည်တော်ရဲ့ အစီအစဉ် ဘာဖြစ်နိုင်ပါသလဲ မေးစရာဖြစ်လာပါတယ်။

နေပြည်တော်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် မာတိကာဟာ အပစ်ခပ်ရပ်စဲရေး၊ ဖွံ့ဖြိုးရေး ပြီးမှ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပြီး ဒီ အရပ်ဖက်တစ်ပိုင်း အစိုးရတက်လာရင် လာချင်း လက်နက်ကိုင်အင်အားစုကို ကမ်းလှမ်းလာခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေက လက်နက်ကိုင် တိုင်းရင်းသားအင်အားစုတွေကို အဆိုပါ ငြိမ်းချမ်းရေးဖြစ်စဉ်သို့ တွန်းအားပေးလာခဲ့ပါတယ်၊ ဘယ်လောက်ထိဖြစ်ခဲ့တယ်ဆိုတော့ ဒါဟာ တစ်ခုတည်းသော နည်းလမ်း ဒါမှမဟုတ် လမ်းကြောင်းဖြစ်တယ်ဆိုတဲ့ အနေအထား အထိ ဖြစ်လာခဲ့ပါတယ်။ ပြည်တွင်းစစ်ရဲ့ ဒုက္ခကို နှစ်ပေါင်းများစွာ ခံစားလာခဲ့ကြပြီ ဖြစ်တဲ့ ပြည်သူတွေကလဲ နောက်ကွယ်မှာဘာရှိမှန်းမသိရပဲ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို အရမ်းထောက်ခံ အားပေးလာခဲ့ကြပါတယ်။ တချို့နိုင်ငံတကာ အသိုင်းအဝန်းတွေဆို ဦးသိန်းစိန်ကို မြေတောင်မြှောက်ပေးလာခဲ့ရာ အများစုဖြစ်တဲ့ ပြည်သူ့အသံဆိုတာ ကြားရဖို့ အတော်ခက်လာပါတယ်။ အဆုံးဆိုးကတော့ သူတို့ကို အဆိုးမြင် ဝါဒီများလို့ အပြောခံရမှာပါပဲ။ ငြိမ်းချမ်းရေးသဘောတူညီထားများနဲ့ ပတ်သက်ပြီးတော့ ကျေနပ်ရလောက်တဲ့ လုပ်ဆောင်မှုတစ်ခုမှ ဖြစ်မလာသေးခင် စစ်အင်အားတိုးချဲ့ခြင်းကတော့ သူတို့ရဲ့အစဉ်အလာအတိုင်း အမြဲတမ်း ပထမဖြစ်နေပါတယ်။

## ပဋိပက္ခရဲ့ သက်ရောက်မှုများ

ချင်းအမျိုးသားတပ်ဦးရဲ့ တော်လှန်ရေးစပြီး မကြာပါ စစ်အင်အားတိုးချဲ့လာခြင်းက ချင်းပြည်သူအများအပြားကို ထွက်ပြေး တိမ်းရှောင်စေပါတယ်။ နယ်စည်းမခြားသမားတော်ကြီးများရဲ့ အစီရင်ချက်အရ ချင်းအမျိုးသား ၉၈%ဟာ အခွင့်အရေး ချိုးဖောက်ခံရပါတယ်။ ပြီးတော့ ဘာသာရေးခေါင်းဆောင်များ ပြောဆိုချက်အရ လူဦးရေ သုံးပုံနှစ်ပုံဟာ ပြည်နယ်ပြင်ပ ထွက်ပြေးခဲ့ရပါတယ်။ တချို့အတွက် လုံခြုံရာ ရောက်နေခဲ့ကြပေမယ့် အများစုကတော့ ပိုမိုဆိုးဝါးတဲ့ အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ခုဆို ပြည်နယ်အတွင်းမှာ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေနှင့် ဒုက္ခိတတွေပဲ အဓိက ကျန်နေပါတော့တယ်။ ယူအဲန်ဒီပီအစီရင်ခံချက်အရ ချင်းမိသားစု ၇၃% ကျော်ဟာ ဆင်းရဲမွဲတေမှု စာရင်းအောက်မှာ ရှိနေကြပါတယ်၊ ဒါဟာ မြန်မာနိုင်ငံရဲ့ အမြင့်ဆုံး အခြေအနေဖြစ်ပါတယ်။ ချင်းဘာသာရေး ခေါင်းဆောင်တွေ ရိုးရိုးရှင်းရှင်း ပြောရရင် ပါစတာတွေဟာ ပထမပစ်မှတ်အထား ခံနေကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ပြဿနာပေါင်းစုံ အတွက် ပြည်သူတွေရှေ့ကနေ ရှေ့တန်းတက် တိုက်ပွဲဝင်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဘာသာရေး ဖိနှိပ်မှုမှာ ချင်းပြည်ဟာ မြန်မာ တနိုင်ငံလုံးမှာ နာမည်ကြီးခဲ့ပါတယ်။ ဒီ ဘာသာရေး လိုင်းကနေဆို ချင်း ၉၀% ကို သူတို့က ထိန်းထားလို့ရပါတယ်၊ အကြောင်းကတော့ ချင်းပြည်ရဲ့ ၉၀% ရာခိုင်နှုန်းဟာ ခရစ်ယာန်တွေဖြစ်တဲ့ အတွက်ပါပဲ။

ဒီ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် အရပ်ဖက်တပိုင်းအစိုးရအောက်မှာ ချင်းပြည်ရဲ့ ဘာသာရေးဖိနှိပ်မှု၊ ငွေကြေးကောက်ခံမှု တွေဟာ မြင့်တက်နေတယ်လို့ ချင်းလူ့အခွင့်အရေးအဖွဲ့အစည်းက မှတ်တမ်းတင်ထားပါတယ်။ တခြား လူ့အခွင့်အရေး ချိုးဖောက်မှုဟာလဲ အကောင်းဖက် တိုးတက်မလာသေးပဲ ပုံမှန်ဖြစ်နေပါသေးတယ်။

## ဖွံ့ဖြိုးရေးစီမံကိန်းများရဲ့ သက်ရောက်မှုများက နီးနီးလေးစောင့်နေ

ဖွံ့ဖြိုးရေးဆိုတဲ့ နာမည်အမျိုးမျိုးအောက်မှာ မြစ်ချောင်းတွေဟာ ပိတ်ဆို့ရေကာထားမယ်၊ သတ္တုတွင်းတွေကို ဖော်ထုတ် တူးဖော်ထားမယ်၊ ရှုခင်းကောင်းသမျှ ခရီးသွားလုပ်ငန်း စီမံကိန်းချထားမယ်.. စသဖြင့် ချင်းပြည်တနံတလျား ပုံစံ အမျိုးမျိုးနဲ့ ချင်းလူထုကို ဒုက္ခဖြစ်စေမယ့် လုပ်ငန်းရေးဆွဲလာပါပြီ။ ချင်းလူထု တော်တော်များများဟာ ဒီတစ်ခါတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကြောင့် ပြန်လည် ထွက်ပြေးတိမ်းရှောင်ရပါတော့မယ်။ နတ်မတောင်အမျိုးသားဥယျာဉ်နှင့် ခရီးသွားလုပ်ငန်း စီမံကိန်းက ကျေးရွာပေါင်း ၃၇ ရွာက ရွာသားတွေ၊ ကုလားတန်ဘက်စုံသုံး လမ်းကြောင်း စီမံကိန်းက ထောင်ပေါင်းများစွာသော ဒေသခံတွေရဲ့ အသက်ရှင်ရပ်တည်မှု၊ လေမြို့ရေကာတာကြောင့် ကျေးရွာပေါင်း ၆၀ ဒုက္ခပင်လယ် ဖန်တီးလာခဲ့ပါပြီ။

ဒေသခံတို့ရဲ့ ခိုနှမ်းသုန်ကို ကာကွယ်ပါ၊ လေမြို့ကို ကယ်တင်ပါ၊ ကျန်းမာပါစေ ကုလားတန် လှုပ်ရှားမှုများကို အာဏာပိုင်တွေဖက်က ဖိနှိပ်လာပါတယ်။ သတ္တုတွင်းလုပ်ငန်းက မြောက်ပိုင်းဖက် ဇိုမီးလူ့အဖွဲ့ အစည်းကို မကြာခင်မှာ ဒုက္ခပေးလာမှာ ဖြစ်ပါတယ်။ ဒေသခံတွေရဲ့ လှုပ်ရှားမှုကို ဖိနှိပ်ဖို့ နောက်ထပ် စစ်အင်အားလဲ တိုးချဲ့လာဦးမှာဖြစ်ပါတယ်။ ကျန်နေသေး လူဦးရေဟာ မကြာခင်မှာပဲ အစာရေစာ ပြတ်လတ်မှုကို ပြီးခဲ့တဲ့ ဝါးသုဥ်းနှစ်များကလို ကြုံတွေ့လာမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုဟာ ပိုမိုတိုးလာဖို့ အလားလာရှိပါတယ်။

## ဈေးကြီးကြီးနဲ့ ငြိမ်းချမ်းရေး

ချင်းတွေဟာ မြန်မာပြည်မှာ ဈေးအပေါဆုံး ငြိမ်းချမ်းရေးက ကြိုက်သလိုကြိုက်တဲ့ဈေးနဲ့ ရောင်းဝယ်လို့ရတဲ့ဟာနဲ့ တူလာပါပြီ။ အမျိုးသားနိုင်ငံရေးနှင့် စစ်ရေးအင်အားစုဖြစ်တဲ့ ချင်းအမျိုးသားတပ်ဦးကလဲ ချင်းပြည်အနှံ့ အောက်ခြေမှာ ဖြစ်ပွါးခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး အေးအေးဆေးဆေးပဲ နေခဲ့ပါတယ်။ ချင်းမြေပေါ်နိုင်ငံရေး ပါတီတွေကလဲ ပြည်သူ့ဖက်က ရပ်တည်ပြီး အဖြစ်အပျက်များအပေါ် ပြောရဲဆိုရဲ မရှိကြပါ။ အများက အကြောင်းပြတာကတော့ ငြိမ်းချမ်းရေး လိုအပ်နေတယ်တဲ့ စီးပွါးရေးဝေါဟာရအားဖြင့်တော့ လိုအပ်တာထက် လိုချင်တာပဲ ခေါ်ရမှာပါ။ တချို့လူတွေက တိတ်တိတ်နေတာ မကောင်းမှန်းသိကြပေမယ့် ခေါင်းဆောင်တွေရဲ့မျက်နှာကို ကြည့်နေကြရပါတယ်။ ဒီတိုင်းသာသွားရင် ချင်းကံကြမ္မာဟာ ငြိမ်းချမ်းရေးနဲ့ လဲလှယ်ခံရပြီး ချင်းပြည်နယ်လို့ ခေါ်တဲ့ ပြည်နယ်မှာ ချင်းမရှိတော့တဲ့ ဖြစ်လာနိုင်ပါတယ်။

ဒါဟာခုထိ ငြိမ်းချမ်းရေးဖြစ်စဉ်သွားနေတဲ့ လားရာဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးစကားပြောရမယ့်အချိန် ဦးသိန်းစိန် လေသံအရ ပင်လုံကဲ့သို့သော ညီလာခံရောက်တဲ့အခါ ချင်းဟာ လူနည်းနည်းကလေးနဲ့ မယ်မယ်ရရ ဆုပ်ကိုင်မထား မိလိုက်ရတဲ့ အာကာသ စိတ်ကူးယဉ်သာ ပြောဆိုရလိမ့်မယ်။ ကျနော်တို့ အခြေအနေနဲ့ မဟာတ်စပ်တဲ့ အတွေးကြီးအခေါ်ကြီးတွေ ချင်းနိုင်ငံရေးမှာ ဖြစ်နေပါတယ်။ အောက်ခြေက ဖြစ်ပျက်မှုနှင့် ဆက်စပ်ပေးနိုင်တဲ့ ချင်းအမျိုးသားခေါင်းဆောင် အရေးတကြီးလိုအပ်နေပါတယ်။ သေရေးရှင်ရေးအနေအထားမှာ နေဘုခ်နေဇာမင်းကြီး၏ အမိန့်တော်ကို ငြင်းရဲ ပြီး နောက်လိုက်ပွါးများနိုင်တဲ့ ဒံယေလ ကျနော်တို့ လိုအပ်နေပါတယ်။ ဒါဟာ ချင်းလူမျိုးကို ငြိမ်းချမ်းရေးဖြစ်စဉ်က ပါလာပေးတဲ့ ဖွံ့ဖြိုးရေးဝေါဟာရရဲ့ သက်ရောက်မှုဆိုးကြီးများကနေ ကယ်တင်မယ့် နည်းလမ်းဖြစ်ပါတယ်။



သတင်းနှင့်ပြန်ကြားရေးဌါန၊ ချင်းအမျိုးသားတပ်ဦးမှ လစဉ်ထုတ်ဝေသည်။

# သစ်တော နှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးတာဝန်

(ဇူလိုင်လမှအဆက်)

**ပူးထန်းနိန်းကီး**

ကမ္ဘာ့တိုင်းပြည်မြောက်များစွာတို့၏ သစ်တောနှင့် သဘာဝပစ္စည်း ယိုယွင်းမှု အန္တရာယ်က လူသားထုတို့အား ခြိမ်းခြောက်နေချိန် ကမ္ဘာမြေကြီး၏ မျက်ဆံ စေ့မျှ လောက်ပင်မရှိသော ချင်း(ချိုး)ဒေသ၏ သစ်တောနှင့်သဘာဝ အခြေအနေ ကို ဒေသခံချိုးလူမျိုးများအနေဖြင့် ဆန်းစစ်သုံးသပ်ရန်အချိန်က တောင်းဆိုနေပြီ ဖြစ်သည်။ ခေတ်ပညာ နည်းနာနှင့်ကျွမ်းကျင်ကြသော တိုင်းပြည်အတော်များများ၌ပင် သစ်တော၊ သဘာဝတုန်းပြုန်းမှုအား အစားထိုး ဖြည့်စွမ်းနိုင်မည့်နည်းလမ်း၊ လမ်းစ ပျောက်ကာ ပြဿနာမဖြေရှင်းနိုင်ပါက ခေတ်သစ်၊ ပညာအတတ် ခေါင်းပါးသေးသော ချိုး (ချင်း) ဒေသ၏ သစ်တောသဘာဝပျက်စီးပြိုကျ လာမှုမှာ ဒေသခံလူမျိုးစုအဖို့ ပို၍ပို၍ ကြောက်မက် ဖွယ်ရာအန္တရာယ် ဆိုက်ရောက်လာကြောင်း ဝန်ခံကြရပေမည်။

ကျွန်ုပ်၏ ကိုယ်ခန္ဓာသည် အမိဌါနေချိုးဒေသနှင့် အလှမ်းဝေးသောလည်း အကျွန်ုပ် နှလုံးသားဝိညာဉ်သည် ချိုးဒေသမှတပါး အခြားတိုင်းတပါး ဒေသ၌ မပျော်မြူး၊ နေရာယူမကျက်စားနိုင်ပါ။ အချိန်တိုင်းတွင် အမိဌါနီ ချိုးခေါ်မြေကိုသာ တွေးတော မြဲချစ်မြတ်နိုးမြဲဖြစ်သလို အမိဌာနေချိုးခေါ် မြေ၏ ကောင်းကျိုး၊ ဆိုးကျိုး လက်ရှိအခြေအနေနှင့် အနာဂါတ်အတွက် တွေးတောဝေဖန် ဆန်းစစ်လေ့ရှိရာ ကျွန်ုပ်နှလုံးသားကို ငိုယိုစေသော အရာမှာ သစ်တောနှင့် သဘာဝ တိရစ္ဆာန်များ ခုတ်ထွင်၊ သတ်ဖြတ်ဖြုန်း တီးမှု၊ အမိချိုးမြေ၌ ကျွန်ုပ်ထံ အရောက် အပေါက်ရှိသူများအား ချိုးခေါ် မြေ၏ လက်ရှိအခြေအနေများကို အမေးထူ အလုပ်များစေတတ်ပါသည်။ ကျွန်ုပ်၏ငယ်စဉ် ကျောင်းသားဘဝ၌ ကျောက်ထုမှ အထက်လုပ်သက် စခန်းမှ မင်းတပ်မြို့အရှေ့ပြင် (သောမ်းခွိပန်း) ရပ်ကွက် အထိ သစ်တော ထူပြောစိမ်းလန်းစိုပြေခဲ့ပါသည်။ တယောက်တည်းသွားလာ လျှင်ပင် တောရဲတိရစာ်န်များကို ကြောက်ရွံ့ရပါသည်။ လွန်ခဲ့သော နှစ်အနည်း ငယ်အတွင်း မေးမြန်းကြည့်ရာ သစ်ပင်များတိမ်ကော၊ ပြောင်ထစ်၍ ခြောက် သွေ့ပူပြင်းလာကြောင်း တောင်ကတုံးသာဖြစ်သည့် အကြောင်း ကြားသိရသောအခါ ရင်နှင့်ဝမ်းနည်းရပါသည်။ မင်းတပ်မြို့အနောက် ရပ်ကွက် မတူပီလမ်းမမှ (၉) မိုင်အထိလည်း သစ်ပင်ရှားပါးသွား ကြောင်း နှင့် ရေစီးသန်ခဲ့သော ချီချောင်းပင်ခမ်းခြောက်ရန် စိုးရိမ်အား သေးသွား ကြောင်းနှင့် မင်းတပ်မြို့သူ၊ မြို့ သားများမှီခို အားထား သောက်သုံး ကြသော ၉ မိုင်ချောင်းပင် ခမ်းခြောက်ရန် စိုးရိမ်စရာဖြစ်လာ ကြောင်းသိရ သောအခါ စိတ်မကောင်းလှပါ။ လျှပ်စစ်ဓါတ် အား၊ သဘာဝ ဓါတ်ငွေ့နှင့် လောင်စာဆီများဖြင့် နေ့စဉ်စားသောက်ချက်ပြုတ်ရာတွင် အသုံးမပြုနိုင် သေးသော ခေတ်သစ် သိပံပညာ အတတ်ခေါင်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှု မရှိသော ချိုးပြည်သူများအဖို့ သစ်ကိုည နေ့စဉ် ခုတ်ထွင်း၍ ချက်ပြုတ်ရာ တွင် အားကိုးကြခြင်း၊ ဒေသခံပြည်သူများအဖို့ မိသားစုအတွက် နေ့စဉ်ဘဝဖြေရှင်းရာတွင် လိုအပ်သောဝင်ငွေ ရှာဖွေရာတွင် သစ်နှင့် သဘာဝ သစ်တောထွက်များကိုသာ အားကိုး ကြရာ သစ်ခွများပြား သော ချိုးဒေသ၌ အရောင်းသွက်လှသော ပန်းများ ရရှိရေးအတွက် သစ် ပင်များကိုအတိုင်း မသိ ခုတ်ထွင်းခြင်း၊ ခေတ်မီစိုက် ပျိုးရေးစနစ်မကျင့်သုံး နိုင်သေး၍ ရွှေ့ပြောင်းတောင် ယာစနစ်ကြောင့် သစ်တောများ ပြုန်းတီး လာစေခြင်း၊ တောမီးရှို့ခြင်းများကြောင့် ချိုးနယ် မြေ၏ သစ်တော သဘာဝတို့မှာ တဟုန်ထိုးပျက်စီးလာခြင်း ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သလို ၂၀၀၆–ခုနှစ်၊ မတ်လ ၁ရက်မှ ၅ရက်အထိ ရိုး ဖောင်ရွာ၌ကျင်းပသော နယ်အစည်းအဝေးကြီးနှင့် လူငယ် ဓမ္မသဘင် ညီလာခံ၏ မှတ်တမ်း ဗီဒီယိုခွေရိုက်ကူးပြုစုသော ရို **(RO)** ကျေးရွာမှ ဆလိုင်းရှိအောင်ထန်က ရိုးဖောင်ရွာနှင့် ၄င်း၏ပိုင်နယ် မြေသ ဘာဝများ ကို ရှင်းလင်းစွာ ရိုက်ကူးပြုစုနိုင်သောကြောင့် ကျွန်ုပ်စုံစေ့စွာ ကြည့်ခွင့်ရ ခဲ့ရာ လွန်ခဲ့သော နှစ်(၂၀)နှင့် ယနေ့ရိုးဖောင်ရွာ၏ ရေမြေ သဘာဝသည် အံ့သြစရာကောင်း လောက်အောင် ပျက်စီးပြောင်းလဲ လျက်ရှိ သည်ကို မကျေနပ်စွာ ဝန်ခံကြည့်ရှု့ ရပါသည်။ တချိန်က နွား နောက်ကျက်စား သော မြက်ခင်းများသည် ပြောင်တလင်းဖြစ်ကာ ၄င်းနေရာဟောင်း များသည် ယခု နွားနောက်များအဖို့ မခံ့မင် စရာစိမ်း ကားဆိတ်သုဉ်း လျက် ပြောင်ထစ်ခြောက်ကပ်နေကြပြီဖြစ်သည်။ ထိုကဲ့ သို့ သစ်တော သဘာဝများ ပျက်စီးမှုကြောင့် ဘိုး၊ဘွား၊ဘီ၊ဘင်မှစ၍ လွန်ခဲ့ သော ၂၀နှစ်အထိ နွားနောက်များမကျက်စားသာမက ခြေပင်မနင်းဘူး သော မုန်းချောင်းတလျှောက်တွင် ရိုးဖောင်ရွာမှ နွားနောက်များသည် နေ့ည မပြတ် ကျက်စားလှုပ်ရှားနေရာယူမှုများ ကြားသိရသည်မှာ လွန်ခဲ့သော နှစ် (၂၀)နှင့် နှိုင်းစာတွက်ကြည့်လျှင် ဆိုးဝါးသော အိပ် မက်ဆိုးမျှသာ ဖြစ်မည် အမှန်ပါ။ ယခုကား အိပ်မက်မဟုတ် လက်ရှိ အခြေအနေမှန် စစ်စစ် ဖြစ်နေ ပါတော့သည်။ ကျွန်ုပ်ငယ်စဉ်ဘဝက ဝါသနာထုံငါးများဖမ်း ခဲ့ရသော မွေးရာဇာတိရိုး ဖောင်ရွာ ၏ ညာဖက်နှင့် ဘယ်ဘက်မှစီးဆင်း လာကြပြီး ရွာတောင်ဘက်၂ဖာလုံခန့်တွင် ဆုံမိကြ သော ဒေါ်မ်လောင်း ချောင်းနှင့် ဖာရ်လောင်းချောင်းတို့တွင်ပင်လျှင် လွန်ခဲ့ သောနှစ် ၂၀ခန့်နှင့် နှိုင်းမရအောင် သေးငယ်ချိနဲ့နေကြကြောင်း မနှစ်မြို့ စွာဗီဒီယိုခွေမှ ဝမ်းနည်းစွာတွေ့ရသည်။ ရိုးဖောင်ရွာမှ ၂မိုင်ကျော်ခန့်တွင် စီးဆင်း လျက်ရှိသော မုန်းချောင်းသည် ရေချိုငါးမျိုးစုံပေါများခဲ့သော နာမည်ကြီး ချောင်းဖြစ်ခဲ့သော်လည်း ယခုဆိုလျှင် ငါးများရှားပါး နေကြောင်းနှင့် ယခင်ကငါး မျိုးမစုံတော့ကြောင်း ကြားသိရပါသည်။ ရွာပတ်ဝန်းကျင် ကျောက် ဆောင်များ တွင် တွဲလျောင်းစွာ အထပ်လိုက် အအုံလိုက်နေရာ ယူမြူးတူး ကျက်စားအခြေချ နေထိုင်ကြသည့် ပျားအုံများပင် မတွေ့နိုင်ရ တော့ကြောင်းကြားသိရပါသည်။ သစ်တော သဘာဝ ဖျက်ဆီးဖြုန်းတီး မှုကြောင့် ချိုးခေါ်မြေ၏ သဘာဝရေ မြေပျက် စီးလျောကျမည်မှာ မင်း တပ်မြို့နှင့် ရိုးဖောင်ရွာမက ရွာတိုင်း၊တောင် တိုင်း၊ချောင်းတိုင်း လိုလိုဖြစ် မည်မှာ ဧကန်မလွဲပါ။

အမှန်စင်စစ်ရေမြေတောတောင် သဘာဝစိမ်းလန်းစိုပြေ ကြွဝကုံလုံမှုကို အာမခံပေး နိုင်သောအရာများမှာ သစ်မျိုးစုံ၊ ပန်းမျိုးစုံနှင့် တိရိစ္ဆာန်သက် ရှိများဖြစ်ကြသော ဌက်မျိုးစုံ၊ ပျားကောင်၊ လိပ်ပြာ၊ ပိုးကောင်များအစရှိ သည်တို့ ၏အပြန်အလှန် အမှီ သဟဲအထောက်အကူ အကျိုးပြုနိုင်ကြမှု အပေါ်တွင် လုံးဝ မှီတည်လျက်ရှိပါသည်။ တောတောင်၊ သဘာဝရေမြေ စိမ်းလန်းစိုပြေ ကြွယ်ဝ ကုန်လုံမှုကသာလျှင် လူသားတို့ပျော်ရွှင် ချမ်းမြေ့

စွာ ဆက်လက် အသက်ရှင် နိုင်ရေးကို တာဝန်ယူပေးသကဲ့သို့ လူမျိုးတမျိုး၊ တိုင်းပြည်တ ပြည်တည်တံ့ ခိုင်မြဲကာ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံပေးလျက်ရှိသည်။

လူသားတို့ အမှုမဲ့အမှတ်မဲ့ထင်တတ်ကြသော သစ်ပင်ပန်းပင်များ၊ ပျားကောင်များ၊ လိပ်ပြာများသည် ကမ္ဘာကြီးစိမ်း လန်းစိုပြေ တည်တံ့ခိုင်မြဲရေးနှင့် လူသားတို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အဓိက တာဝန်ထမ်းဆောင်ပေးသူများဖြစ်ကြောင်း လူသားတိုင်းသဘောပေါက်ကာ ၎င်းတို့အားထိန်းသိမ်း စောင့် ရှောက်နိုင်ကြလျှင်ပင် တောတောင်ရေမြေသဘာဝ ပျက်စီးဆုံးရှုံးမှု အန္တရာယ်ကို ကာကွယ်နိုင်ကြပြီးဖြစ်ပေလိမ့်မည်။ အမျိုးစုံပန်းရနံ့များတိမ်ကောသွားပါက ပျားနှင့်လိပ်ပြာများကြာရှည်မတည်တံ့ နိုင်သကဲ့သို့ ပျား ကောင်နှင့်လိပ်ပြာများ မရှိကြ ပြန်တော့လည်း ပန်းများနှင့်သစ်ပင်များ ဝေဆာ ပွင့်ဖူးမျိုးပွားနိုင်ကြမည်မဟုတ်ပါ။ ဝတ်မှုံကူးစက်ရာတွင် သစ်ပင်၊ ပန်းပင်များနှင့် ပျားကောင်များသည် အပြန်အလှန်အကျိုးပြုကြသည်။

ခရစ်သက္ကရာဇ် ၂၀၀၁ နွေရာသီ လတလ၌ အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၏ အထူးကျွမ်းကျင်သောဆေးရုံ၌ ကျနော်ကုသခံရစဉ် ဆေးရုံအနီးရှိပန်းခြံ၌ အနားယူအပန်းဖြေခိုက် သစ်ပင်ပန်းမာန်တို့နှင့် ပြည့်စုံသော ပန်းခြံ အတွင်း၌ငှက် များ၊ ရစ်များ၊ တစီစီ တစယ် စယ်ပျော်မြူးစွာကျက်စား နေကြသည်ကို မြင်ရင်း အတွေးဝင်မိပါသည်။ ဤနေရာသည် မိုးခေါင်ရေရှား ဒေသကြီးဖြစ်၍ နယူးဒေလီမြို့ကြီး မတိုး တက်မီ သစ်ပင်များ ယခု ကဲ့သို့ထူ ထပ်စိမ်းလန်းကြမည်မဟုတ်၊ ကျေးငှက်တို့သည်လည်း ဤနေရာ၌ကျက်စား ပျော်မြူး ကြမည်မဟုတ်ဟု သုံးသပ်ဆုံးဖြတ်ရင်း ချင်းပြည်နှင့် ချိုးခေါ်မြေ၏ အတိတ်နှင့် ပစ္စုပ္ပန်ကို သတိရမိသည်။ ချိုးခေါ်မြေသည် တချိန်က သစ်တောထူတပ်၍ ကျေးငှက် သတ္တဝါပေါများလှသော အရပ်ဒေသ ဖြစ်ခဲ့သော်လည်း ယခုအခါ သစ်တောများပြောင်ထစ်လာကာ ကျေးငှက်သတ္တဝါများ ရှားပါး လာခြင်းကို သတိရရင်း ကျွန်တော်ကောက်ချက်ချမိပါသည်။ လောက ကြီးရဲ့ပြောင်းလဲမှုဟာ မြန်လှချည်လား၊ တချိန်ကသစ်တောထူပြော၊ ကျေးငှက်သတ္တဝါ ပေါများသော ဒေသမှာ သစ်တော၏ သဘာဝများ တိမ်ကောလာပြီး တချိန်က သစ်တောထူပြော၊ ကျေးငှက်သတ္တဝါပေါများ သောဒေသမှာ သစ်တော၏ သဘာဝများတိမ် ကောလာပြီး တချိန်က မိုးခေါင်ရေရှား ခြောက် တောဖြစ်ခဲ့၍ ကျေးငှက်သတ္တဝါ ပေါများသော ဒေသမှာ သစ်တော၏ သဘာဝများတိမ်ကောလာပြီး တချိန်ကမိုး ခေါင်ရေရှားခြောက်တောဖြစ်ခဲ့၍ ကျေးငှက်သတ္တဝါတို့ အနေမသင့်ခဲ့ရာ ဒေသဟာ သစ်ဆန်းသော အတတ်သိပံ ပိုင်ဆိုင်သူလူသားတို့နှင့်အတူ သစ်ပင်၊ သစ်တောကျေးငှက်သတ္တဝါတို့သည် အတူတကွမြူးတူး ကျက်စား နေကြပြီ ကော၊ သြော်– လောကကြီးပြောင်းပြန်ဖြစ်ကုန်ပြီဟု သက်ပြင်းချမှုကို ကျနော့်ဒိုင်ယာရီတွင် ရေးသားမှတ်သားခဲ့ပါသေးသည်။ မှန်ပါသည်။ အသိပညာရှိသောလူသားတို့သည် မိမိနှင့်ပတ်သက်သော သစ်တောသဘာဝတို့ကို ဖွံ့ဖြိုးစေသော်လည်း အသိပညာခေါင်းပါး သူတို့မှ မိမိနှင့်ပတ်သက်သော သစ်တောသဘာဝတို့ကို နေ့စဉ်နှင့်အမျှ ဖျက်ဆီးနေကြရင်း မိမိ၏တိုင်းပြည်နှင့် လူမျိုးတို့အား အငတ်ဘေး သို့ပို့ကာ လူမျိုးဆိတ်သုဉ်းရေးကို တာစူ စေကြပါသည်။

အမိချိုးခေါ်မြေအတွင်း ရွှေ့ပြောင်းတောင်ယာခုတ်စနစ် ဆက်လက်ကျင့်သုံးခြင်း၊ ချိုးခေါ်မြေ၏ အလှသရဖူ ပန်းမျိုးစုံကို တကိုယ်ကောင်းစားရေးအတွက် ပြုန်း စေပြီး ၎င်းတို့မှီခိုရာသစ်ပင်တိုင်းကို ခုတ်ထွင်ခြင်း၊ ကျေး ငှက်သတ္တဝါများမျိုးစုံနှင့် လိပ်ပြာများ မျိုးတုန်းကာ ချိုးခေါ်မြေ၏ တောတောင်သဘာဝများပျက်စီးကုန်ပြီး ချိုးခေါ်မြေအတွင်းရှိ ချောင်းများခမ်း ခြောက်ကြမည်ဆိုလျှင် ချိုးခေါ်မြေအတွင်း ချိုးလူမျိုး များဘဝဆက်လက်ရပ်တည် နိုင်ကြတော့မည် မဟုတ်ပါ။ မြေပြန့်နှင့် တောင်ပေါ်ရေမြေသဘာဝပျက်စီးခြင်း အန္တရာယ်ကာကွယ်ရန် မြေပြန့် ဒေသတွင်ရှည်လျားစွာမြစ်ဖျားခံ၍ ခမ်းခြောက်ရန်ခက်ခဲသော မြစ်ကြီး များကိုအားကိုး၍ စိုက်ပျိုးရေးကို လုပ်နိုင်ကြဦးမည်။ အကယ်၍ ချိုးခေါ် ဒေသကဲ့သို့ စမ်းချောင်းကလေးများသာ အားကိုးရသော တောင်ပေါ် ဒေသများတွင် သစ်တောသဘာဝများ တိမ်ကော သွားကာ စမ်းချောင်း ရေများခမ်းခြောက် သွားလျှင် မည်သို့မျှဆက်လက်စိုက်ပျိုး နိုင်မှုမရှိဘဲ အသက်ရှင် နေထိုင်ကြတော့ မည် မဟုတ်ပါ။ မိမိတို့မနေထိုင်ဘူးသော တိုင်းပြည်ဒေသများသို့ မနှစ် မြို့စွာ ပြောင်းရွှေ့နေထိုင်ရှင်သန်ရန် လိုအပ်ပေလိမ့်မည်။ ချိုးခေါ်မြေ၏ အားကိုးရသော ချောင်းများ ဖြစ်ကြသည့် လယ်မြို့ချောင်း (ဖုန်လောင်း)၊ မုန်းချောင်း (မွဲလောင်း)၊ လှက်လောင်းချောင်း၊ ချီချောင်း၊ မောင်း (မော) ချောင်း တို့မှာမူ အကယ်၍ သစ်တောများ တိမ်ကောသွားလျှင် နှစ်ဆယ်ရာစုနှစ်များ သို့မဟုတ် အနည်းငယ်သော ရာစုနှစ်အတွင်း ခမ်းခြောက်နိုင်စရာ အကြောင်းရှိသည်မှာ ချိုးခေါ်မြေ၏ လျင်မြန်လှသော တောတောင် သဘာဝသစ် တောပြုန်းတီးပျက်စီးနှုန်းဖြင့် တွက်ဆနိုင်သည်။

ချိုးခေါ်မြေ၏ အနာဂတ်ကောင်းစားရေးကို တွေးမျှော်ကြသော ပညာတတ်မိဘ များအနေဖြင့် သစ်တော သဘာဝထိန်းသိမ်းရေးဘာသာရပ် ကျွမ်းကျင်သူ ပညာရှင် (ပါရဂူ) များ၊ မိမိရင်သွေးငယ်များ အတွင်းပေါ်ထွက် လာရေးအတွက် ကြိတ်မှိတ် ပေးဆပ်ဆုတောင်းကြရန်ပင် အရေးကြီးလာပါသည်။ ဤသည်မှာ ချိုးခေါ်မြေ၏ လက်ငင်းတောင်းဆိုနေသော လိုအပ်ချက်ကြီးဖြစ်လာပါသည်။ ချိုးခေါ်မြေဒေသခံပြည်သူများအနေဖြင့် မိမိ၏ ချိုးခေါ်မြေတည်တံ့ ခိုင်မြဲရေး အတွက် နိုင်ငံတော်၏ အကူအညီအပြင်အခြားသော စေတနာရှင်လူသား အဖွဲ့အစည်း၏ အကူအညီကိုပါတောင်းခံ၍ ချိုးခေါ်တောတောင်ရေမြေသဘာဝ ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းကာ အောက်ပါတို့ကို လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုလျှင် များစွာအကျိုးဖြစ် ထွန်းပေလိမ့်မည်။

(၁) ရွှေ့ပြောင်းတောင်ယာစနစ်အစား၊ နှစ်ရှည်ပင် စိုက်ပျိုး စီးပွားရေးစနစ်ဖြင့် အစားထိုးခြင်း။

(၂) တကိုယ်ကောင်းစီးပွားရေးအတွက် ပန်းပင်များခူးယူကာ သစ်ပင်များ ခုတ်လှဲမှုကို နိုင်ငံတော်အစိုးရနှင့် ပူး ပေါင်း၍ တင်းကြပ်စွာအရေးယူပိတ်ပင်ခြင်း။

(၃) ချက်ပြုတ်ရေးအတွက် ထင်းခုတ်သုံးစွဲခြင်းအစား၊ လျှပ်စစ်ဓါတ်အားနှင့် လောင်စာဓါတ်ငွေ့များ အသုံးပြုရေး စနစ်ဖန်တီးရေး။

(၄) အိမ်အဆောက်အဦးအတွက် သစ်ပင်ခုတ်လှဲခြင်းအား ကန့်ကွက်ခွင့်ပြုခြင်း၊ စနစ်တကျအခွန်ပေးစနစ်ကျင့်သုံးခြင်း။

(၅) အဓိပါယ်မဲ့ သစ်ပင်ခုတ်လှဲခြင်းနှင့် တောမီးရှို့ခြင်းအပေါ် တင်းကြပ်စွာ တားမြစ်အရေးယူခြင်း။

(၆) တောရဲတိရစ္ဆာန်များသတ်ဖြတ်မှုအား အကန့်အသတ် ဝိုင်းဝန်းကာကွယ်ခြင်း။

(၇) ပျားကောင်များပြောင်းရွှေ့ပြီး ကျောက်ကမ်းပါး နေရာဟောင်းများတွင် အစားထိုးပျားမွေးစနစ် လေ့လာကျင့်သုံးခြင်း။

(၈) ဘေးမဲ့သဘာဝသစ်တော သတ်မှတ်စောင့်ထိန်းခြင်း။

(၉) ချောင်းများ၌ ဆေးဖျန်း၊ ဗုံးခွဲခြင်းနှင့် ငါးဥရာသီတွင် မြုံးထောင် ငါးဖမ်းခြင်းအား ဝိုင်းဝန်းကာကွယ်ခြင်း။

(၁၀) ချိုးခေါ်မြေ၏ အချို့သောနယ်မြေ၌ သစ်ပင်သစ်တောများ တိမ်ကောသွားခြင်းကို အစားထိုးသစ်ပင်စိုက်စနစ် ဖန်တီးပေးခြင်း။

စသည်များကို လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုလျှင် ပြည်ထောင်စုနိုင်ငံတော် အကျိုးပြုလုပ်ငန်းကြီးဟု နိုင်ငံတော်အစိုးရက သိရှိလာကာ ပို၍ထိရောက်သော အကူအညီကိုပင် ပံ့ပိုးလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အရာခပ်သိမ်းကို လက်ရာတော်ဖြင့် ဖန်ဆင်းသော ထာဝရဘုရား၏ လူသားတို့အားပေး အပ်ခဲ့သော ဝေနေယျသတ္တဝါနှင့် သစ်တော သဘာဝတို့ကို တာဝန်သိစောင့် ထိန်းကာကွယ်မှုဖြင့် ဘုရားသခင်ထံတော်ပါးမှ လူသားတို့ကြံ၍ မမှီနိုင်သော ကောင်းချီးမင်္ဂလာများကို ချိုးခေါ်မြေနှင့် ချိုးလူမျိုးများခံစားနိုင်ကြကာ ကမ္ဘာ့အလယ်၌ စိမ်းလန်းစိုပြေ၊ ကြွယ်ဝချမ်းသာ၍ ဖွံ့ဖြိုးတိုးတက်ကာ ချစ်ခြင်းမေတ္တာနှင့် တည်တံ့ ခိုင်မြဲသော ချိုးခေါ်မြေနှင့် ချိုးလူမျိုးများ ဖြစ်နိုင်ကြရေးအတွက် ဆန္ဒပြုပြီး ဆောင်ကာ မိမိ၏နှလုံးသားအမှန်မှ နုနယ်သောအတွေးအမြင်ကို ဖော်ထုတ်ခြင်း ဖြစ်ပါသည်။

---

# ချင်းအမျိုးသားတပ်မတော် နှင့် အမျိုးသားရေးတာဝန်

**ပူးဇင်ကျုံး**

ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ပါက (၁၉)ရာစုနှောင်းပိုင်းကာလအထိ မည်သည့်နိုင်ငံလက်အောက်တွင်မျှ မကျရောက်ခဲ့သည့်၊ ကိုယ့်မင်းကိုယ့်ချင်းဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွံ့ဖြိုးစွာ ရပ်တည်ခဲ့ကြသည့်နိုင်ငံ အနည်းငယ်ထဲ တွင်ချင်းလဲန်း(ချင်းပြည်) သည်လည်းအပါအဝင်ဖြစ်သည်။ (၁၉)ရာစု အစောပိုင်းကာလမှစ၍ အင်္ဂလိပ်တို့သည် စစ်အင်အားသုံး၍ အရှေ့တောင်အာရှကို နယ်ချဲ့ကျူးကျော်မှု စတင်လာခဲ့ရာမှ ၁၈၉၅–ခုနှစ်တွင် ချင်းလဲန်းအား သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အချုပ်အခြာအာဏာ ပိုင်နိုင်ငံဖြစ်သည့်ချင်းလဲန်းသည် ကိုလိုနီနိုင်ငံ ဘဝသို့၄င်း၊ လွတ်လပ်သော ချင်းအမျိုးသားများသည် သူ့ကျွန်ဘဝအဖြစ်သို့ ၄င်းကျရောက်သွားခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းခံကိုဆန်းစစ်ကြည့် ပါက ချင်းအမျိုးသားများ၏စည်းလုံးညီညွတ်မှုမရှိခြင်း၊ တိုင်းပြည်နှင့်လူမျိုးကိုကာကွယ်စောင့်ရှောက် နိုင်သည့် အရည်အချင်း၊ အဆင့်အတန်းပြည့်ဝသော အမျိုးသားတပ်မတော်တရပ် မရှိခြင်းတို့ကြောင့်ဖြစ်သည်။

၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ကချင်၊ ချင်း၊ ဗမာနှင့် ရှမ်းအမျိုးသားများသည် လွတ်လပ် ရေးအလျှင် အမြန်ရရှိရေး၊တန်းတူရည်တူအခွင့်အရေးရှိရေး၊ဒီမိုကရေစီ အခွင့်အရေးရှိရေးနှင့် ခွဲထွက်ခွင့်ရှိရေးအခြေခံမှုဖြင့် ပင်လုံစာချုပ် ကိုချုပ်ဆိုခဲ့ကြပြီး၊ ၁၉၄၈–ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ဗြိတိသျှတို့ထံမှလွတ်လပ်ရေး ရရှိခဲ့သည်။ သို့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ စတင်တည်ထောင်လာကြ သောအခါဗမာလူမျိုးကြီးဝါဒီ ဗမာနိုင်ငံရေးသမား တချို့၏ လိမ်လည်လှည့်ဖျားမှုကြောင့် ပင်လုံညီလာခံတွင် သဘောတူထားသည့်မူအတိုင်း မဟုတ်တော့ဘဲ လူမျိုးကြီးတမျိုးက လူမျိုးငယ်များအပေါ် လွှမ်းမိုးအုပ်ချုပ်သည့် တပြည်ထောင်စနစ်ဖြင့် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့ပြီး ၁၉၆၂–ခုနှစ်တွင် စစ်အာဏာရှင်စနစ် ဖြင့်ထပ်မံအားဖြည့်ကာ တိုင်းရင်းသားလူမျိုးများ ဗမာလူမျိုးအဖြစ် သို့စနစ်တကျ သွတ်သွင်း၊ တိုင်းရင်းသားဒေသများကို ဗမာပိုင်နက်နယ်မြေ အဖြစ်သို့တစတစ သိမ်းသွင်းအုပ်ချုပ်ခဲ့သည်။ တန်းတူညီ မျှမှု မရှိခြင်း၊ ဒီမိုကရေစီစနစ်ဆိတ်သုဉ်းခြင်းတို့ကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရ ပြီး လူမျိုးကြီးဝါဒီများနှင့် စစ်အာဏာရှင်များက စစ်အင်အားဖြင့်၁၉၄၇ခုနှစ်၊၁၉၇၄ခုနှစ် နှင့်၂၀၀၈–ခုနှစ်များ တွင်၄င်းတို့ အလိုကျ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ တိုင်းပြည်အာဏာအရပ်ရပ်ကို ၄င်းတို့လက်မလွှတ်မိစေရန် အသေအချာစီမံထားခြင်းများ ပြုလုပ်ပြီး တိုင်းပြည်ကိုနှစ်ပေါင်း ၆၄ နှစ်ကြာ အုပ်ချုပ်လာခဲ့ကြသည်။

မြန်မာ့သမိုင်းကိုပြန်ကြည့်ပါကဗမာရှင်ဘုရင်များသည် အခြားတိုင်းတပါးလူမျိုးများအပေါ်ကျူးကျော်စစ် ဆင်နွှဲ၍ ၄င်းတို့အားကျွန်ဘဝသို့သွတ်သွင်းသည်သာမက ၄င်းတို့ပိုင်နယ်မြေများကိုပါ သိမ်းပိုက်အုပ် ချုပ်ခဲ့ကြသည်ကိုတွေ့ ရှိရသည်။ မွန်နှင့်ရခိုင်အမျိုးသားတိုင်းပြည်ကိုကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်း ထိုင်းနိုင်ငံအားကျူးကျော် တိုက်ခိုက်ခြင်း၊မဏိပူရနှင့် အာသံအားဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၁ရာစုတွင် အနော်ရထာမှပထမမြန်မာနိုင်ငံတော် (ပုဂံအင်ပါယာ)၊ ၁၆ရာစုတွင် ဘုရင့်နောင်မှ ဒုတိယ မြန်မာ နိုင်ငံတော် (ပဲခူးအင်ပါယာ)၊ ၁၈ရာစုတွင် အလောင်းဘုရားမှ

တတိယမြန်မာ နိုင်ငံတော်(အင်းဝအင်ပါယာ)တို့ကို အသီးသီး တည်ထောင်ခဲ့ကြပြီး ဗိုလ်နေဝင်း၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေနှင့် ဗိုလ်သိန်းစိန်စသည့် မဆလ၊နဝတ၊နအဖနှင့် စစ်အစိုးရ လက်သစ်တို့က လက်နက် အားကိုးဖြင့် အခြားအမျိုးသားများ အပေါ် ဖိနှိပ်ကျွန်ပြုကာစတုတ္ထမြန်မာနိုင်ငံတော်ကို တည် ဆောက်လျက်ရှိသည်။ သမ္မတသစ်ဦးသိန်းစိန်၏ ပထမဦးဆုံး ပြောကြားသည့်မိန့်ခွန်းတွင် "နိုင်ငံတော်ကို ကာကွယ်ရန် အတွက် အဆင့်မှီတပ်မတော်တရပ် ရှိရန်လိုအပ်တယ်။ လက်ရှိ တပ်မတော်ကို အင်အား တောင့်တင်းတဲ့ တပ်မတော်၊ အစွမ်း အစရှိတဲ့တပ်မတော်၊ ခေတ်မှီတဲ့တပ်မတော်၊ မျိုးချစ်စိတ် ထက် သန် တဲ့တပ်မတော် ဖြစ်အောင်အားလုံး ဝိုင်းဝန်းတည် ဆောက် သွားကြရမှာဖြစ်တယ်၊ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း နဲ့နေလာခဲ့တဲ့ နှစ်ပေါင်းရာ ထောင်ချီပြီးနေလာခဲ့တဲ့လူမျိုးဘဝမှ ကုန်းဘောင်ခေတ် ဇတ်သိမ်းခန်းမှာနယ်ချဲ့လက်အောက်ကို လွယ်လွယ်ကလေး ကျရောက်သွားခြင်းဟာ ခေတ်မှီတဲ့ တပ်မ တော်တရပ်မရှိခဲ့လို့ဖြစ်ပါတယ်" ဟုပြောကြားသွားခဲ့သည်။ ဗမာလူမျိုးကြီး ဝါဒီများနှင့် စစ်အာဏာရှင်များအနေဖြင့် ယခုမှ ဗမာ့စစ်တပ်အား တည်ဆောက်နေသည်မဟုတ်ဘဲမြန်မာ နိုင်ငံ လွတ်လပ်ရေးရစမှစ၍ဗမာ့တပ်မတော်ကို တိုးချဲ့တည် ဆောက် လျက်ရှိပြီး ခေတ်မှီတိုက်ချင်းပစ်ဒုံး ကျည်များ၊ ခြေးကလီးယား လက်နက်တပ်ဆင်နိုင်ရေးအထိစိုင်းပြင်း နေပေသည်။ အမှန် တကယ်ဆိုလျှင် မြန်မာနိုင်ငံကဲ့သို့သော တိုင်းပြည်ငယ်လေး အနေဖြင့်တရုတ်နှင့်အိန္ဒိယတိုင်းပြည်ကဲ့သို့သော ကမ္ဘာ့ အင် အားကြီးနိုင်ငံများကို စစ်အင်အားဖြင့် မည်သို့မျှယှဉ်ပြိုင် နိုင်မည် မဟုတ်ပေ။ ယှဉ်ပြိုင်သင့်သည့်အရာလည်းမဟုတ်ပေ။ ၄င်း ကို စစ်အစိုးရ မသိ၍ မဟုတ် ဘဲပြည်ပရန်စွယ်အန္တရယ်ရှိ သယောင် ဖန်တီးကာ စတုတ္ထဗမာ့ အင်ပါယာ ကိုတင်းတင်းကျပ် ကျပ်ချုပ် ကိုင်ထား နိုင်ရေးအတွက် ခေတ်မှီတပ်မတော်ကြီးကို တည် ဆောက်နေခြင်း ဖြစ်သည်။

စစ်အစိုးရတဖြစ်လဲဦးသိန်းစိန်အစိုးရအနေဖြင့် ယခုကဲ့သို့ စစ်အင်အားတိုးချဲ့ရန်စိုင်းပြင်းနေခြင်းသည် တိုင်းပြည်၏ ပကတိပြဿနာဖြစ်သည့် ဒီမိုကရေစီဆိတ်သုန်းမှုနှင့် တိုင်းရင်း သားလူမျိုးများအကြား တန်းတူညီမျှမှုမရှိသည့် နိုင်ငံရေး ပြဿနာအား စစ်ရေးနည်းဖြင့်ဖြေရှင်းရန် စိုင်းပြင်းလုပ်ဆောင် နေခြင်းဖြစ်သည်။စစ်အာဏာရှင်များ၏လုပ်ရပ် ကိုပြန်ကြည့် ပါက ၁၉၆၂–ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်း ခဲ့စဉ်က ပြည်သူများကို ရက်ရက်စက်စက် နှိမ်နင်းသတ်ဖြတ်မှု၊ ၁၉၇၅–ခုနှစ် မိုင်းရာပြည့်အရေးတော် ပုံနှိမ်နင်းမှု၊ ၁၉၈၈ခုနှစ် ပြည်သူ့ အုံကြွမှုအား ရက်စက်စွာသတ်ဖြတ်နှိမ်နင်းမှု၊ ၂၀၀၇–ခုနှစ် သံဃာ လှုပ်ရှားမှုအားနှိမ်နင်းမှုများသည် ၄င်းတို့အာဏာ တည်မြဲရေးအတွက် အပ်တိုတချောင်းမျှမပါသော ပြည်သူများ အား လက်နက်ဖြင့် ပစ်ခတ်နှိမ်နင်းမှု များပြုလုပ်ခဲ့ သည်ကိုတွေ့ ရှိရသည်။ ငြိမ်းချမ်းစွာ ဆန္ဒ ထုတ်ဖော်တောင်းဆိုမှုကို ကျည်ဆံဖြင့်သာ တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ စတုတ္ထဗမာ့ အင်ပါယာ ချုပ်ကိုင်နိုင်ရေးအတွက် စစ်တပ်မှမြန်မာ့နိုင်ငံရေး ဖြစ်စဉ်အားလုံးအား ထိမ်းချုပ်ရန် လိုအပ်သည့်အား လျှော်စွာ ဦးသိန်းစိန် အစိုးရအနေဖြင့် စစ်တပ်အားခေတ်မှီ တိုးတက် အောင် တည်ဆောက်မည်မှာ အထင်အရှားဖြစ်သည်။ မိမိတို့ ချင်းအမျိုးသားများ အပါအဝင် တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် စစ်တပ် ထိန်းချုပ်မှု အောက်မှမရုန်းထွက်နိုင်ပါက မိမိတို့ရည်မှန်းထားသော လွတ်လပ်သည့်ဖက်ဒရယ် ပြည် ထောင်စု တည်ဆောက်ရေးကိုမရောက်ရှိနိုင်သည့်အပြင် မိမိတို့ အမျိုးသားဘဝပါဆိတ်သုန်းသွားသည့် အခြေ အနေသို့ ဆိုက် ရောက်သွားနိုင်သည်။

ထို့ကြောင့် ချင်းအမျိုးသားတို့အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားခြင်းနှင့် စစ်အာဏာရှင်စနစ် အောက်မှမရုန်း ထွက်နိုင်ခြင်းသည် တိုင်းပြည်နှင့်မိမိတို့ အမျိုးသားကို ကာကွယ် နိုင်သည့် ခိုင်မာ တောင့်တင်းသောအမျိုးသား တပ်မတော်မရှိ ခြင်းကြောင့်ဖြစ်သည်။ စစ်တပ်တည်ဆောက်၍ အင်ပါယာ တည်ဆောက်လျက်ရှိသည့် ဗမာလူမျိုးကြီး ဝါဒီများနှင့် စစ်ဝါဒီ အစိုးရများအားတောင်းဆိုမှုသက်သက်၊ နိုင်ငံရေးအရ အံတုမှု သက်သက်ဖြင့် မိမိတို့ချင်း အမျိုးသားများအပါအဝင် တိုင်းရင်း သားလူမျိုးစုများ အနေ ဖြင့် မိမိတို့၏မူလအခြေခံအခွင့်အရေး များပြန်လည်ရ ရှိနိုင်မည်မဟုတ်ပေ။ စစ်ရေးကိုသာ နားလည် သည့်၊ စစ်ရေးဖြင့်သာ နိုင်ငံရေးပြဿနာရပ်များအား ဖြေရှင်းလေ့ရှိသည့် စစ်တပ်အစိုးရအား စစ်ရေး အရအံတုနိုင်ရန် လိုအပ်သည်။ နေ့စဉ်နှင့်အမျှအဖိနှိပ်ခံနေရပြီး လူမျိုးရေး အရဝါး မျိုခံနေရသည့် မိမိတို့ လူမျိုးများအနေဖြင့် မိမိတို့ကို မိမိတို့ကာ ကွယ်နိုင်ရေးအလို့ငှါ စစ်တပ်တည်ဆောက်ရန် လိုအပ် သည်။ ချင်းပြည်နှင့်ချင်းလူမျိုးတည် တန့်နိုင်ရေးအတွက် တောင့်တင်းခိုင်မာသောအမျိုးသားတပ်မတော် တည် ဆောက် ရေးသည် အမျိုးသားရေးတာဝန်နှင့် သမိုင်းပေးတာဝန် တရပ်ဖြစ်သည်။ ထိုသို့ တည် ဆောက်ရေးအတွက် ချင်းအမျိုး သားများ နှင့်ချင်းလဲန်းပြည်သူတို့တွင် တာဝန်ရှိပေသည်။

ဤကဲ့သို့အမျိုးသားရေး နှင့် သမိုင်းပေးတာဝန် ထမ်းဆောင်ရန် အတွက် ချင်းအမျိုးသားတပ်မတော် (Chin National Army-CNA) သည် ပြည်သူများထဲမှပေါက်ဖွားလာခဲ့ပြီဖြစ်သည်။ ချင်းအမျိုးသား တပ်မတော်သည် ချင်းအမျိုးသားများ လွတ်မြောက်ရေး ကိုဦးထိပ်ထားပြီးချင်းအမျိုးသားများနှင့် ချင်းလဲန်း အစဉ်ထာဝရ ရပ်တည်နိုင်ရေး တာဝန်ကိုထမ်း ဆောင်နေပြီဖြစ်သည်။ ချင်းအမျိုးသားတပ်မတော် အနေ ဖြင့် လက်နက်ဆွဲကိုင်တိုက်ပွဲဝင်ခြင်းသည် အယူဝါဒကွဲပြားမှု၊ နယ်ချဲ့ကျူးကျော်လိုမှုကြောင့် မဟုတ် မူဘဲ အဖိနှိပ်ခံဘဝ၊

သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် အမျိုးသားခုခံရေးစစ်ပွဲ၊ တရားသောစစ်ပွဲကို ဆင်နွှဲနေခြင်းဖြစ်သည်။ ထို့ကြောင့်ပြည်သူ့တပ်မတော်ဖြစ်သော ချင်းအမျိုးသား တပ်မတော်သည် မြင့်မြတ်တည်ကြည်သောသစ္စာတရားကို ဦးထိပ်ထား၍ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီရေးနှင့်ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေးအတွက်နှင့် ချင်းအမျိုးသားများနှင့်ချင်းလဲန်းထာဝစဉ်တည်တံ့ရေးအတွက် တိုက်ပွဲဝင်လျက်ရှိသည်။

---

# မီလုတ်သ်ဒွန်လှ၊ ရိုလ်လုတ်သ်ဒွန် (Mi lut dawn hlah rul lut dawn)

"မီလုတ်သ်ဒွန်လှ၊ ရိုလ်လုတ်သ်ဒွန်" ဟူသည် လိုင်မီးချင်းမျိုးနွယ်စုများ၏ လင်ခန်းမယားခန်း၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ရိုးရာယဉ်ကျေးမှုမှ ဆင်းသက်လာသော ဆိုရိုးစကားတခုဖြစ်ပါသည်။ မြန်မာလိုအဓိပ္ပါယ်ပြန်လျှင် "လူအိမ်တက်တာမတားမြစ်နဲ့၊မြွေအိမ်တက်တာ တားမြစ်ပါ" ဟူ၍ ဖြစ်ပါသည်။ ' မီး' ဆိုသည် မှာ 'လူ' ကို ဆိုလိုခြင်းဖြစ်သည်။ လိုင်မီးချင်းတို့၏ ထုံးစံအရ အမျိုးသားရော အမျိုးသမီးပါအမျိုးသမီး အိမ်ပေါ်(သို့မဟုတ်) အမျိုးသားအိမ်ပေါ် တက်နိုင်ပါသည်။ ထိုသို့ အိမ်တက်သည့်အခါ နှစ်ဦးနှစ်ဖက်ချစ်သူများလည်း ဖြစ်နိုင်သည်။ တဖက်သတ်ချစ်သူလည်းဖြစ်နိုင်သည်။ မချစ်ကြသော်လည်း မိဘဆွေမျိုးများ၏ တွန်းအားပေး နှိုးဆော်မှုကြောင့် ဘဝကြင်ဖော်အဖြစ် လက်ထက်ထိမ်းမြားလို၍လည်း ဖြစ်နိုင်သည်။ ဤသို့ အိမ်ပေါ်တက်ခြင်း ကို ချင်းလို 'ဖဲန်း – Fan' ဟုခေါ်သည်။ တိုက်ရိုက်အဓိပ္ပါယ်ပြန်လျှင် 'ဖဲန်း' သည် 'ပူးပေါင်းခြင်း၊ ဝင်ပူးခြင်း၊ ပူးကပ်ခြင်း' ဟူ၍ ဆိုနိုင်ပါသည်။

ယောက်ျားတစ်ယောက်က မိန်းမတစ်ဦး၏ အိမ်ကိုတက်လျှင် အိမ်ထဲအဝင်မခံရသော်လည်း အိမ်တံခါး ပေါက်အဝတွင် နေရာယူပြီး နေ့ရောညပါအချိန်ပြည့်အိပ်ချိန်တန်လျှင်အိပ်၊ ထချိန်တန်ထပြီး နေလိုက်သည်။ အချို့သည် ထမင်းချက်ရန် အိုးယူဆောင်ကြပြီး ထိုအမျိုးသမီးအိမ်တွင် အဆင်ပြေသလို ချက်စားရသည်။ ခြုံရန် စောင်များကို ကြိုတင်ယူဆောင်သွားကြသည်။ ရက်ပေါင်းမည်မျှကြာကြာနေရမည်ဟု သတ်မှတ်ချက်မရှိပါ။ အိမ်တက်ခြင်းခံရသူ အသိုင်းအဝိုင်းဖက်မှ လက်ခံသည်အထိ နေကြရသည်။ ဤကဲ့သို့ အိမ်တက်ခြင်းအခြေ အနေမျိုးတွင် 'လူအိမ်တက်တာ မတားမြစ်နဲ့၊ မြွေအိမ်တက်တာ တားမြစ်ပါ' ဆိုသည့် ဆိုစကားကို သုံးကြခြင်းဖြစ်ပါသည်။

အိမ်တက်လာသူသည် ဇာတ်မြင့်သူ၊ ဇာတ်နိမ့်သူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ အကျင့်စာရိတ္တဆိုးသူ၊ ကောင်းသူ၊ ပညာရှိသူ၊ ပညာမဲ့သူ စသဖြင့် အတန်းအစားအမျိုးမျိုး ဖြစ်နိုင်ပါသည်။ ချစ်သည်ဖြစ်စေ၊ မချစ် သည်ဖြစ်စေ၊ အိမ်တက်နိုင်ပါသည်။ ဖော်ပြပါအချက်များသည် အိမ်ထောင်ပြုရာတွင် အရေးကြီးသောအချက်များ ဖြစ်ကြသည်။ ထို့ပြင် အိမ်တက်လာသူသည် သူ၏ဘဝတစ်ခုလုံးကို ပုံအပ်လာခြင်း၊ ဘဝကြင်ဖော်အဖြစ် ရွေးချယ်မှုကို ပြသခြင်း၊ တသက်လုံးအတက်နိုင်ဆုံး အလုပ်အကျွေးပြုပြီး အိမ်ထောင်မိသားစု တည်ဆောက် လိုခြင်း၊ သားသမီးများ ထွန်းကားပြီး သာယာစွာနေလိုခြင်း၊ မျိုးဆက်ထိန်းသိမ်းလိုခြင်း၊ အိမ်တက်ခံသူ မိဘဆွေမျိုးများနှင့် တထပ်တည်းပူးပေါင်းကြပြီး ပိုမိုကြီးမားသော ဆွေမျိုးအသိုင်းအဝိုင်းကို တည်ဆောက်လိုခြင်း၊ ထိုမှ ဘဝလုံခြုံရေးပိုမိုရှိလာပြီး အခြားအကျိုးအမြတ်များကို ကောင်းတူဆိုးဖက် အတူတကွ ခံစားလိုခြင်း၊ စသည့်အချက်များကို အရေးထား၊ တန်ဖိုးထားကြခြင်းလည်း ဖြစ်နိုင်သည်။ ထို့အပြင် လူကို လူလိုမြင်ခြင်း၊ လူ တစ်ဦး၏ အိမ်ထောင်ရေးဆိုင်ရာ ဆန္ဒကိုလေးစားခြင်း၊ အိမ်တက်လာသူ၏ အပြုအမူသည် အောက်ကျို့ခံ တောင်းပန်ခြင်းသဘော သက်ရောက်နေခြင်း၊ စသည်တို့ကိုလည်း အလေးထားဟန်တူသည်။

အိမ်တက်လာသူသည် သာမန်နှင့် ပုံမှန်လူပုဂ္ဂိုလ်ဖြစ်ပြီး အပြစ်ဆိုစရာမရှိပါဘဲလျှက် အိမ်တက်ခံသူအ သိုင်းအဝိုင်းဖက်က လက်မခံကြလျှင် အိမ်တက်ခံရသူအသိုင်းအဝိုင်းဖက်သည် လာဘ်ပိတ်ပြီး ကောင်းချီးမင်္ဂလာမခံစားကြရဟု လိုင်မီးချင်းတို့က ယူဆကြသည်။ အိမ်တက်သူနှင့် သူ၏မိဘဆွေမျိုးအသိုင်းအဝိုင်းတို့ စိတ်နာကျည်းမှုမရှိစေရန်၊ ဆွေမျိုးအသိုင်း အဝိုင်း ဟိုဖက်သည်ဖက် မုန်းတီးမှုမရှိကြစေရန်၊ ဆွေမျိုးအသိုင်းအဝိုင်း တဖက်နှင့် တဖက်ချစ်ချစ်ခင်ခင် အေးချမ်းစွာ အတူနေထိုင်နိုင်ကြရန် အထူးအလေးထားကြသည်။ လူဆိုသည်မှာ အသိညာဏ်ရှိသော၊ အဆိုး အကောင်း ဝေဖန်ပိုင်းခြားတတ်သော၊ ဆင်ခြင်တုံတရားရှိသော သတ္တဝါဖြစ်သည်။ အရွယ်ရောက်ပြီး ကျန်းမာရေးကောင်း သူတစ်ဦးသည် မိမိအိမ်ထောင်ဖက်ရွေးချယ်ရာတွင် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး အိမ်တက်လာလျှင်အထူးဂရုစိုက်ပြီး စဉ်းစားပေးကြရမည်ဖြစ်သည်။

မြွေသည် တိရစ္ဆာန်ဖြစ်ပြီး လူလိုစဉ်းစားဆင်ခြင်ညာဏ်မရှိ၊ အဆိုးအကောင်းလည်း မဝေဖန်တတ်ပါ။ မြွေအိမ်ပေါ်တက်လာလျှင် အိမ်သူအိမ်သားတစ်ယောက် (သို့မဟုတ်) တစ်ယောက်ထက်ပိုသူများ မြွေကိုက်ခံရ နိုင်ပြီး အသက်ပါဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် မြွေအိမ်ထဲဝင်လာလျှင် တွေ့ရှိသူက တုတ်နှင့်ရိုက်သတ်လျှင် သတ် (သို့မဟုတ်) လိုက်မောင်းထုတ်ရုံသာရှိပါသည်။ ဤသို့ဆိုလျှင် လူထဲမှာရော မြွေကဲ့သို့လူကို ဒုက္ခပေးသူ၊ ကိုက်တတ်သူ မရှိသလောဟု မေးခွန်းထုတ်စရာရှိပါသည်။ အဖြေကတော့ ရှိပါသည်။ ထိုကဲ့သို့ လူကိုဒုက္ခပေး သောသူကို မြွေကဲ့သို့ သတ်မှတ်ပြီး ဖယ်ရှားဖို့သာရှိပါသည်။

အကယ်၍ အိမ်တက်လာသောအမျိုးသားတစ်ဦးကို အမျိုးသမီးမိဘဆွေမျိုးအသိုင်းအဝိုင်းဖက်က လက်ခံလျှင် နှစ်ဖက်မိဘဆွေမျိုး အသိုင်း

အဝိုင်းများ ချင်းယဉ်ကျေးမှုဓလေ့ထုံးစံအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြပြီး အသွင်းဖိုးကိစ္စ၊ လက်ထက်ထိမ်းမြားခြင်းဆိုင်ရာကိစ္စ စသည်များကို ဆွေးနွေးကြပြီး သဘောတူဆုံးဖြတ်သတ် မှတ်ကြမည် ဖြစ်သည်။ နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် ကိစ္စအဝဝကို ညှိညှိနှိုင်းနှိုင်းဆောင်ရွက် အကောင်အထည်ဖော်ကြမည် ဖြစ်သည်။ အကယ်၍ အမျိုးသမီးဖက်မှ လက်မခံနိုင်ကြပါက အိမ်တက်သောအမျိုးသားဖက် မိဘဆွေမျိုးအသိုင်း အဝိုင်းတို့သည် စိတ်နာနာနှင့် မကျေမနပ်နေကြရမည် ဖြစ်သည်။ တဖက်တွင် လက်ခံနိုင်မည့် အခြားအမျိုးသမီးကို လိုက်ရှာကြရန် ပြင်ဆင်ကြပေလိမ့်မည်။

အထက်ပါ လိုင်မီးချင်းတို့၏ ဆိုရိုးစကားဆိုလိုရင်း၊ အနက်အဓိပ္ပါယ်လေးနက်ပုံနှင့် ပညာပေးသင်ခန်း စာကို ယူတတ်ကြရန် ပြည်ထောင်စု မြန်မာနိုင်ငံတိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ နိုင်ငံခေါင်းဆောင်များကို အသိပေးလိုပါသည်။ လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ချင်း၊ ရှမ်းစ သော တိုင်းရင်းသားခေါင်း ဆောင်များတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်၏ အနှစ်သာရသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့ပင် ဖြစ်သည်။ ဖက်ဒရယ်အိမ်တော်ကြီးထဲတွင် ဝင်ရောက်ပြီး ဖက်ဒရယ်သမီးတော်များကို ဘဝကြင်ဖော်အဖြစ်လိုချင်ကြသော ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမင်းသားများတို့သည် ဘဝကိုပုံအပ်ပြီး အတတ်နိုင်ဆုံးဖက်ဒရယ်အိမ်တော်ကြီးကို အလုပ်အကျွေးပြုကြရန် စိတ်ပိုင်းဖြတ်ကြပြီး အိမ်တက်ရန် တစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့ကြပြီးဖြစ်သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြပြီး ဖဆပလကြား ဖြတ်အစိုးရ ဝန်ကြီးချုပ်ဦးနုက ဦးချန်ထွန်းကို ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို နှစ်လနှင့်အပြီး ရေးဆွဲစေခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ လို လားခဲ့ကြသော ဖက်ဒရယ်ဖွဲ့စည်းပုံမဟုတ်တော့ပဲ အာဏာကိုဗဟိုကသာ ချုပ်ကိုင်သော တပြည်ထောင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ဗမာမဟုတ်သောဖက်ဒရယ် အိမ်တက်လာသော တိုင်းရင်းသားမင်းသားများကို လက်တလုံးခြား လှည့်စားကာ အိမ်ထဲအဝင်မခံပဲ တံခါးဝမှပြန်လှည့်စေခဲ့သည်။ တိုင်းရင်း သားမင်းသားများက အခြေအနေအရ အစောင့်တာဝန်ယူသူ ဦးနုထံ အကြိမ်ကြိမ်ဖက်ဒရယ်အိမ်တော်ကြီးတံခါးဖွင့်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးပြပြီး တံခါးမဖွင့်လိုဘဲ ငြင်းဆန်နေခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှု အရှိဆုံးအချိန်ဟု ဆိုနိုင်သောတောင်ကြီး ညီလာခံတွင်တိုင်းရင်းသားမင်းသားများကဖက်ဒရယ်အိမ်တော်ကြီးထဲ အိမ်တက်ရန် ကြိုးစားလာခဲ့ကြပြန်သည်။ သို့သော် အာဏာငမ်းငမ်းတက်နေသော ဗိုလ်ချုပ်ကြီးနေဝင်းက ဖက်ဒရယ် သည် ခွဲထွက်ရေးဖြစ်သည်၊ နိုင်ငံတော်ပြိုကွဲတော့မည့် အခြေအနေမှကယ်တင်လိုက်သည်ဟု မဟုတ်မမှန် ဝါဒဖြန့်ကာ စစ်အင်အားသုံး၍ အာဏာသိမ်းပြီး တိုင်းရင်းသားမင်းသားများကို သတ်ဖြတ်ခြင်း၊ ညှင်းပမ်းနှိပ်စက် ခြင်း၊ ထောင်ချခြင်းစသဖြင့် အဝင်မခံဘဲ ခါးခါးသီးသီးလိုက်လံမောင်းထုတ်ခဲ့ပြန်သည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အကြံပေးခဲ့သော တိုင်းရင်းသား ခေါင်းဆောင်များကို လိုက်လံဖမ်းဆီးထောင်ချသတ်ဖြတ်ခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး အိမ်တက်ရန်လာသော တိုင်းရင်းသားမင်းသားများကို လူမဆန်စွာ ပြုမူခဲ့ပြန်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲမှုပြုလုပ် ခဲ့ကြသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့တို့သည် ၁၉၉၃ခုနှစ်တွင် စတင်ခဲ့သောအမျိုးသားညီလာခံ၌ဖက်ဒရယ်ဆိုင်ရာအကြံညာဏ်များပေးအပ်ခဲ့ကြသော်လည်း ဖက်ဒရယ်အိမ်တော်ကြီးကို အတင်းအဓမ္မလုံခြုံရေးအစောင့်တာဝန်ယူခဲ့သူ စစ်အုပ်စုက ဂရုမစိုက်ပဲ အကြံပေးလွှာများကို ကြောင်ထိုးထားခြင်းဖြင့် တိုင်းရင်းသားမင်းသားများကို မထီမဲ့မြင်ပြုခဲ့ကြပြန်သည်။

ယခုအခါ (KIO, KIA ) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ နှင့် အစိုးရစစ်တပ်တို့အကြား တစ်နှစ်ကျော် ဖြစ်ပွားခဲ့ကြသော စစ်ပွဲတွင် ဗမာစစ်တပ်ဖက်မှ မြေလှန်စနစ်သုံး၍ ရွာများမီးရှို့ခြင်း၊ ရိက္ခာများဖျက်ဆီးခြင်း၊ ပြည်သူလူထုများကို အကြောင်းမဲ့သတ်ဖြတ်ခြင်းများကြောင့် ကချင်ပြည်သူလူထုသည် မိမိတို့၏ရပ်ရွာတွင် မနေနိုင်ကြတော့ဘဲ စစ်ပြေးဒုက္ခသည်များအဖြစ် လူတစ်သိန်းခန့် ထွက်ပြေးတိမ်းရှောင်ကြကာ ဒုက္ခပင်လယ်ကြီးတွေ့ နေကြရသည်။ နေ့စဉ်နှင့်အမျှ ဗမာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှု၊ ဖိနှိပ်ချုပ်ချယ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ကချင်ပြည်သူအများအပြားသေဆုံးနေကြရသည်။ ဤမျှ အခက်အခဲပေါင်းစုံနှင့် ကြုံတွေ့နေကြရသည့်ကြားမှပင် ကချင်မင်းသားက ဖက်ဒရယ်အိမ်တော်ကြီးထဲ အိမ်တက်ရန် အိမ်ရှေ့တံခါးဝတွင် နေရာယူပြီး လက်ခံရန် နှိမ့်ချစွာ တောင်းခံနေလျက်ရှိသည်။

NDF,ENC,UNFC စသည့်တိုင်းရင်းသား မဟာမိတ်အဖွဲ့ များအားလုံးကလည်း ဗမာစစ်အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကြားမှ ဖက်ဒရယ်အိမ်တော်ကြီးထဲ ဖက်ဒရယ်သမီးတော်များနှင့် ဘဝကြင်ဖော် ပြုကြရန် အိမ်ရှေ့တံခါးဝတွင် အိမ်တက်ရန်ရောက်လာ နေကြပြီးဖြစ်သည်။ ကိုယ်ဖာသာ အစောင့်တာဝန်ယူထားသူ လက်နက်ကိုင်အဖွဲ့က မမြင်ယောင်ဆောင်နေကြပြန်သည်။

ဤသို့ဆိုလျှင် ဗမာတိုင်းရင်းသားမင်းသားကကော ဖက်ဒရယ်သမီးတော်ကို ဘဝကြင်ဖော်အဖြစ် တကယ်လိုချင်သလောဟု မေးခွန်းထုတ်စရာရှိလာပါသည်။ တကယ်လိုချင်ပါက အခြားတိုင်းရင်းသားမင်းသား များလိုဖက်ဒရယ်အိမ်တက်ရန် လှုပ်ရှားမှုပြုရလိမ့်မည်။ ဖက်ဒရယ်ဝါဒနှင့်ဆန့်ကျင်ဖက်ဖြစ်သော ဗမာမဟာ လူမျိုးကြီး ဝါဒနှင့် စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ပြုပြင်ပြောင်းလဲမှုကို သတ္တိရှိရှိအကောင်အထည်ဖော်ကြရလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းက အနာဂတ်တည်ဆောက်မည့်နိုင်ငံသစ်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံဖြစ်သည့်အတွက်

ဖက်ဒရယ်ပြည်ထောင်စုစနစ်သာ အကောင်းဆုံးဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က 'ဖက်ဒရယ်လို့ပဲခေါ်ခေါ်ပြည်ထောင်စုလို့ ပဲခေါ်ခေါ်၊ အရေးကြီးတာက ကျွန်မတို့ကြားထဲမှာ အားလုံးသဘော တူညီနိုင်မဲ့ ပုံစံရှိတဲ့နိုင်ငံတစ်ခု ကို ဖော်ထုတ်ဖို့ဘဲ' ဟု ပြောဆိုခဲ့သည်။ DVB က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်အားမေးမြန်းရာတွင် 'အားလုံးညှိနှိုင်းဆွေးနွေး ကြဖို့လိုတယ်' ဟုပြောဆိုခဲ့သည်။ ယခု မြန်မာနိုင်ငံအစိုးရ သမ္မတကြီးဦးသိန်းစိန်က ထာဝရငြိမ်းချမ်းရေးအတွက်နိုင်ငံရေး ဆွေးနွေးညှိနှိုင်းကြရန်ပြင်ဆင်မှု ပြုလုပ်နေခြင်းသည် အကောင်းလက္ခဏာတစ်ခု ဖြစ်ပါသည်။

သို့ရာတွင် ဗမာမဟုတ်သောတိုင်းရင်းသားများက ဖက်ဒရယ်စစ်စစ်တည်ဆောက်ရေးအတွက် နှစ်ပေါင်း ၆၀ ကျော်၊ လက်နက်စွဲကိုင်ပြီး ခုခံတော်လှန်ရေးစစ်ကို ဆက်လက်ဆင်နွှဲနေကြဆဲ ဖြစ်သည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် အုပ်စိုးသူတို့ကမှန်ကန်သော၊ စနစ်ကျသောနိုင်ငံရေးဖြေရှင်းမှု မပြုလုပ်ကြဘဲစစ်အင်အားသုံးဖြေရှင်း ကြသည့်အတွက်ကြောင့်ဖြစ်သည်။ ဗမာမဟုတ်သော တိုင်းရင်းသားများတို့သည် ဖက်ဒရယ်စစ်စစ် တည်ဆောက်ရန်တောင်းဆိုမှုကို ဥပဒေအရ လက်တလုံးခြားလှည့်ဖြား၍သော်လည်းကောင်း၊ စစ်အင်အားသုံး ခြေမှုန်း၍သော်လည်းကောင်း၊ မသိယောင်ဆောင်မထီမဲ့မြင် ပြုလုပ်၍ သော်လည်းကောင်း၊ အုပ်စိုးသူတို့ကတုံ့ပြန်ခဲ့ကြသည်။ ဗမာလူမျိုးရေး အစွန်းရောက်နိုင်ငံရေးသမားများ၊ စစ်အာဏာရှင်များ တို့ကဆက် လက်ပြီး အရင်နည်းလမ်းဟောင်းများအတိုင်းဆက်လက် ကျင့်သုံးနေမည်၊ ဆက်လက်ငြင်းဆန်နေမည်ဆိုလျှင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ မင်းသားများတို့ သည် မိမိတို့ ဘိုးဘွားစဉ် ဆက်ပိုင်ဆိုင်ခဲ့သောနယ်မြေဒေသအသီးသီးသို့ပြန်ကြပြီး ကိုယ်ပိုင်သီးသန့် အိမ်တော်များ ထူထောင်ကြရမည်၊ သို့တည်းမဟုတ် ဗမာမပါသော၊ဗမာ လုံခြုံရေးအစောင့်မရှိသော ဗမာမဟုတ် တိုင်းရင်းသား လူမျိုးများသာ ပါဝင်ဖွဲ့စည်းထားသော ဖက်ဒရယ်အိမ်တော်သစ်ကြီးကို ဖွဲ့စည်းတည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားမင်းသားများက အိမ်တက်ကြပြီး အားလုံးလက်ခံကြပါက လက်ထက်ထိမ်းမြားခြင်းကိစ္စ၊ အသွင်းဖိုးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး အိမ်တော်သစ်ကြီးထဲတွင် အတူ တကွနေထိုင်ကြတော့မည်ဖြစ်သည်။

**ပူးသောမတ်(စ်) ထန်နိုး**

သင့်ကို ချင်းလဲန်းမှ အလိုရှိသည်

# လက်နက်နှင့်ငြိမ်းချမ်းရေး အဓိကလိုအပ်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်၏ ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေး ဆွေးနွေးရန် တံခါးဖွင့်ဖိတ်ခေါ်ကြေညာလိုက်တဲ့အချက်ကို မည်သူမဆို ကြိုဆိုကြမည်ဖြစ်သည်။ သို့သော် လက်တွေ့ဆွေးနွေးသည့်အခါ ကန့်သတ်ချုပ်ချယ်မှုမရှိဘဲ လွတ်လပ်ပွင့်လင်းတရားမျှတမှုရှိရန် အလွန်ပင်လိုအပ်လှပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အစိုးရခေတ်အဆက်ဆက်မှ ငြိမ်းချမ်းရေး ဖိတ်ခေါ်၍ ဆွေးနွေးလျက်ရှိခဲ့ပါသည်။ သို့သော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ အပစ်အခတ်ရပ်စဲရေး အဆင့်အထိသာ တွေ့ရပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်ရခြင်း၏ အဓိကအကြောင်းမှာ အရှိရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်းအသိအမှတ်မပြုဘဲ၊ မမှန်တရားကို ဖုံးကွယ်ကန့်သတ်ချုပ်ချယ်မှု၊ လွတ်လပ်ပွင့်လင်း တရားမျှတမှုမရှိတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးမှုများတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာပြည်အစိုးရသစ်နှင့် အတိုက်အခံမြေပေါ်မြေအောက် နိုင်ငံရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်တံ့ခိုင်မြဲတဲ့ အုတ်မြစ်ချတည်ဆောက်နိုင်ရေးအတွက် အမှန်တရားနှင့် အဓိကဇစ်မြစ် ပြဿနာဖော်ထုတ်ပြီး ဆွေးနွေးရန်လိုအပ်လှပါသည်။ ဥပမာ–ကျူပင်ခုတ်၊ ကျူငုတ်မကျန်။ အပင်တပင်ကို အငုတ်ကျန်အောင်ခုတ်လှဲ မည်ဆိုပါက တဖြည်းဖြည်းဖြင့် အညွန့်ပြန်ထွက်လာမှာဖြစ်ပါသည်။ ထို့ကြောင့် အဓိကအရင်းမြစ်ကို ဖော်ထုတ်ပြီး ခုတ်ပစ်သကဲ့သို့ ကျွန်ုပ်တို့တိုင်းပြည်တွင် နိုင်ငံရေးဟာလည်းလက်ရှိ နိုင်ငံရေးဖြစ်စေ၊ အနာဂါတ်နိုင်ငံရေးဖြစ်စေ အာမခံပေးချက်နိုင်သည့် အဓိက ရင်းမြစ်ပြဿနာဟာ ဘာလဲဆိုတာ ဖော်ထုတ်သင့်ပါပြီ။ ကျွန်ုပ် တို့တိုင်းရင်းသားများ၏ အဓိကရင်းမြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာမက ၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ကိုယ် စားလှယ်များနှင့် ခွင့်တူညီမျှ တစည်းတလုံးနေထိုင်တော့မည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်ကြီးနှင့်အညီ တန်းတူညီမျှမှု မရှိတဲ့တဖက် သတ် ရေးဆွဲတာလည်း ၂၀၀၈–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဘောင်အတွင်း ထပ်တလဲလဲပြောဆိုရေးသားမည့်အစား အမှန်ပြင်ဆင်သင့်ပြီဖြစ်သည်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို အမှန်တကယ် တည်ဆောက်လိုပါက သဘောထားကြီးစွာဖြင့် ပင်လုံစာချုပ်နှင့် ၂၀၀၈–ခုနှစ်ဖွဲ့စည်းပုံ အချက်နှစ်ချက်ကို အခြေခံပြီး တန်းတူညီမျှစွာဖြင့် ထိန်းသိမ်းဆောင်ရွက်ပြုပြင်ပေးနိုင်မည်ဆိုပါက တို့တာဝန် အရေးသုံးပါး ဆောင်ပုဒ်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်သူပြည်သားများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်ထိန်းသိမ်းပြီးသားဖြစ်ပြီး ပြည်သူလူထု၏ လိုလားတောင့်တသည့် စစ်မှန်သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ် ရေးတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး အစဉ်ထာဝရတည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ဆလိုင်းအောင်လိန်းထန်း (မင်းတပ်–ကန်ပက်လက်ဒေသတာဝန်ခံ)